# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၉) ရက် ၊ သောကြာနေ့ ၊ (31-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်မြို့သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ ရှိရင်းစွဲဂုဏ်ဒြပ်များကို ပိုမိုတိုးတက်စေမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ ပြင်ဦးလွင်မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများကို ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့် မြို့ဖြစ်ပြီး


စာမျက်နှာ ၁၆ ကော်လံ ၁ သို့





ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်သည့် အန္တရာယ်ဖြစ်စေမှုများကို မီးမောင်းထိုးပြနိုင်ရန်၊ ဆေးလိပ်သောက်သုံးမှုလျှော့ချနိုင်ရန်ရည်ရွယ်ပြီး မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ( World No Tobacco Day ) အဖြစ် ၁၉၈၉ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Framework Comvention on Tobacco Control ကို (၁၁) နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲသူ ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး သုံးစွဲမှုကြောင့် နှစ်စဉ်လူဦးရေ ၈ သန်းခန့် အသက်ဆုံးရှုံးနေရကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်သောက်သုံးသူ ၄၅ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရပြီး ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါမျိုးစုံဖြစ်ပွားကာ နှစ်စဉ် လူဦးရေ ၆၄၀၀၀ ခန့် အသက်ဆုံးရှုံးနေရကြောင်း သိရသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး ထုတ်ကုန်များသုံးစွဲခြင်းသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် အခြားရောဂါများကိုလည်း ဖြစ်ပေါ်စေတတ်သည့်အပြင် မိမိ၏ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူများအနေဖြင့်လည်း အလားတူဆိုးရွားသော ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည့်အတွက် လုံးဝရှောင်ကြဉ်ရန်လိုအပ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မိမိကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်စေ၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူခြင်းကြောင့်ဖြစ်စေ သန္ဓေသားဖွံ့ဖြိုးမှုနှေးကွေးစေနိုင်သလို သန္ဓေသားသေဆုံးမှုနှုန်းကိုလည်း မြင့်တက်စေပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးရွားစွာထိခိုက်စေပြီး စွန့်ပစ်ဖင်စီခံများတွင်ပါဝင်သော Chemical များကြောင့်လည်း မြေဆီလွှာနှင့် ရေထုညစ်ညမ်းမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ယနေ့ခေတ်ကာလတွင် ဈေးအပေါဆုံးဆေးလိပ်ဘူး၏ ငွေကြေးတန်ဖိုးသည် ကြက်ဥ ၁၀ လုံး၏ ငွေကြေးတန်ဖိုးနှင့်ညီမျှနေသည်။ ဆေးလိပ်သောက်ခြင်းသည် ပိုက်ဆံကိုမီးရှို့နေခြင်းဖြစ်ပြီး ရောဂါကို ဝယ်ယူနေခြင်းနှင့် အလားသဏ္ဍာန်တူပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ကုန်ကျမည့်စရိတ်ကို မိသားစုနှင့်အတူ အာဟာရပြည့်ဝသော ကြက်ဥ၊ အသား၊ ငါးများကို ချက်ပြုတ်စားသောက်မည်ဆိုပါက မိမိအတွက်သာမက မိသားစုများပါ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထို့ကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများသည် ကျန်းမာရေးအတွက်သာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းများကို များစွာဖြစ်ပေါ်စေသည့်အတွက် အဆိုပါ ပစ္စည်းများကို မျိုးဆက်သစ်လူငယ်များက စမ်းသပ်အသုံးပြုခြင်းမရှိအောင် အသိပညာပေးခြင်း၊ စည်းရုံးခြင်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူငယ်လူရွယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အတူတကွပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိအတွက် သူတစ်ပါးအတွက် အကျိုးမရှိစေဘဲ ကျန်းမာရေးကိုထိခိုက်စေနိုင်သော ဆေးလိပ်သောက်သုံးမှုသည် မိမိ၏စိတ်ကို တဒင်္ဂပျော်ရွှင်မှု ဖြစ်ပေါ်စေနိုင်သော်လည်း ဓားသွားပေါ်က ပျားရည်စက်ကို လျက်သည့်သူနှင့်တူနေသည့်အတွက် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် ရှောင်ကြဉ်နိုင်စေရန် ယနေ့တွင်ကျရောက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တွင် နှိုးဆော်အသိပေးရေးသားလိုက်ရပါသည်။

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး မေ ၃၀**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လက်ရှိတွင် ထောပတ်ပဲများကို ပြည်ပနိုင်ငံများက ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း ထောပတ်ပဲများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ထောပတ်ပဲတွေကို အခုအချိန်မှာ ပြည်ပနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေ ရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် အရောင်းအဝယ်ပိုပြီး ကောင်းမွန်လာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မေ ၂၉ ရက်ပေါက်ဈေးအရ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

"ထောပတ်ပဲက မန္တလေးဈေးကွက်ထဲမှာ အရင်က အရောင်းအဝယ်အေးခဲ့ပါတယ်။ လက်ရှိမှာတော့ ထောပတ်ပဲက ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် ၂၂၅ သန်းကျော်ထုတ်ပေးနိုင်ခဲ့



**မန္တလေး မေ ၃၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် ၂၂၅ သန်းကျော်ကိုခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် အလုပ်သမားအမှုတွဲပေါင်း ၁၇၇ မှုရှိကြောင်း၊ အများစုမှာ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု၊ လုပ်ငန်းခွင်ထိခိုက်မှု၊ ဆေးကုသမှု ကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးခြင်းအတွက်စသည့်အကျိုးခံစားခွင့်များတောင်းခံကြကြောင်း၊ အဆိုပါ အကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ် ၂၂၅ သန်းကျော်ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံး ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ မမာမကျန်းတာ၊ မီးဖွားတာ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာတွေဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုသပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ သူတို့ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန်လာတောင်းခံတာနဲ့ အနည်းဆုံးတစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာ လျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ ငှာနကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့ ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ဒေါ်မိုးမိုးသွယ်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မေ ၃၀**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးဆိုင်ကယ်များ ဝယ်ယူမှုများလာကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်များတွင် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများပို၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားများ အရောင်းအဝယ်အနည်းငယ်ရှိကြောင်း လမ်း ၆၀ ကားဝိုင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗွစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အနက် ငွေကျပ် သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား အရောင်းအဝယ်ရှိနေကြောင်း၊ ထို့ပြင် လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ် သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝါးခယ်မမြို့နယ် ကျုံပဒေါကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ ကျုံပဒေါကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျုံပဒေါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၃၆ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၉ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ငွေကျပ် ၄၂ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အမှတ်(၆၉၁/၂)၊ ၆၉ လမ်း၊ လမ်း ၄၀ ဇောတိကုန်းအရှေ့ရပ်နေ ဒေါ်အေးအေးခိုင်မိသားစုက ဒေါ်ခင်ဝင်းအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ဧရာဝတီတိုင်းဒေသကြီးတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၅၅၀၀ ကျော် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေ



**နေပြည်တော် မေ ၃၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ဧရာဝတီတိုင်းဒေသကြီးတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၅၅၀၀ ကျော် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၊ ပင်လယ်ရေလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို အဓိကဆောင်ရွက်နေသော်လည်း စက်မှုလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်မှုရှိနေကြောင်း သိရသည်။

အဆိုပါ စက်မှုလက်မှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်လိုအပ်သည့်အကူအညီများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျမှတ်ပုံတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလကုန်ထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်း ၅၅၆၅ ခုကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးခဲ့ကြောင်း၊ အဆိုပါ တရားဝင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အကြီးစားပုဂ္ဂလိက စက်မှုလုပ်ငန်း ၁၂၄၂ ခု၊ အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၄၇ ခုနှင့် အငယ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်း ၃၅၇၆ ခုပါဝင်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်၏ ပထမဆုံးလဖြစ်သည့် ဧပြီလတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းသစ် ၂၀ ကို တရားဝင် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ကိုင်နေကြသည့် စက်မှုလုပ်ငန်းများသည် တချို့မှာ စက်မှုဇုန်အတွင်း လုပ်ကိုင်နေသကဲ့သို့ တချို့မှာ စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေကြကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

SKL

# လင်းခေးမြို့နယ် နမ့်ဆိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လင်းခေး မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် နမ့်ဆိုင်းကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နမ့်ဆိုင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ဆိုင်းကျေးရွာ၌ ရေရရှိရေးအတွက် အလျားပေ ၃၀၊ အနံ ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၈၆၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၃၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ပြောပြ၍ သိရသည်။

**အေးသူ**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၂၉ ဧက စိုက်ပျိုးမည်

**ချောင်းဦး မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၁၂၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ငရုတ် ၁၁၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ငရုတ် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ချောင်းဦးမြို့နယ်မှာ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်သွားမယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ငရုတ်စိုက်မည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ငရုတ်သီးအထွက်နှုန်းကောင်းရေး၊ ဈေးကွက်ရရှိရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်း နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ငွေကျပ် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သီးနှံသည် ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းမှာ ငရုတ်တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး နောက်ပိုင်းတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

(၂၀၆)



# မိုးဦးကျစမှာ ဖြစ်လေ့ဖြစ်ထရှိကြတဲ့ အန္တရာယ်သုံးသွယ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

မိုးဦးစလေပြီ။ မိုးဦးကျလေပြီ။

ကပ်ရောဂါပူ၊ နွေအပူနှင့် ဘဝအပူ အပူသုံးပူရှိသည့်အနက် နွေအပူဒဏ်ကသက်သာသွားသော်လည်း ကပ်ရောဂါအပူ၊ သဘာဝဘေးအန္တရာယ်အပူနှင့် ဘဝအပူဒဏ်ကိုတော့ လူအများစုကအန်တုကြိတ်မှိတ်ခံစားနေကြရဆဲပင်။

ဘဝအပူဆိုကတည်းက အခက်အခဲ၊ အကျပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ကြရလေ့ရှိရာ **"သဘာဝဘေးအန္တရာယ်များ"**ကိုလည်း ရင်ဆိုင်ဖြေရှင်းနေကြရသည်။

ထိုအန္တရာယ်မျိုးစုံထဲတွင် **"မြွေပွေ့ရာကင်းမှောင့်"** ဆိုသလို လူတို့ကိုအနှောင့်အယှက်ပေးနေကြသော အန္တရာယ်သုံးသွယ်ရှိသည်။ ထိုအန္တရာယ်သုံးသွယ်မှာ မိုးဦးကျခါစတွင်ဖြစ်လေ့ဖြစ်ထရှိသော **"ယင်အန္တရာယ်၊ ယာဉ်အန္တရာယ်"**နှင့် **"လျှပ်စစ်အန္တရာယ်"** များဖြစ်ကြသည်။ ထိုအန္တရာယ်သုံးသွယ်သည် မိုးဦးကျသည်နှင့်တစ်ပြိုင်နက် လူတို့ကိုဒုက္ခပေးရန်အတွက် ပြိုင်ဘက်များအလား အလုအယက်ပြေးထွက်လာကြလေ့ရှိသည်။

ပထမဦးစွာ လူများအမှုမဲ့အမှတ်မဲ့ ဥပေက္ခာပြုလျစ်လျူရှုနေကြသော **"ယင်အန္တရာယ်"** ကို စတင်အသိပေးလိုသည်။ မိုးဦးကျစတွင် သရက်သီးမှည့်များ၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးနှင့် အမှည့်လွန်သောအသီးများ မြိုင်မြိုင်ဆိုင်ဆိုင်လှိုင်လှိုင်ကြီးပေါများလာလေ့ရှိရာ အဆိုပါသီးမှည့်များနှင့် ဓာတ်တည့် မိတ်ဖက်များဆိုကမှားသော ယင်ကောင်များကလည်း ဖွားဖက်တော်များအလား ပေါများပေါက်ဖွားလာကြလေ့ရှိသည်။

မေလတွင် ယင်ကောင်တစ်ထောင်ရှိလျှင် ဇွန်လတွင် ယင်ကောင်ပေါင်း သောင်း၊ သိန်း၊ သန်းချီပြီး သောင်းကျန်းလေ့ရှိကြသည်။ သာဓကတစ်ရပ်ကိုတင်ပြရလျှင် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း သတင်းစာဖတ်နေစဉ်သတင်းစာကိုကိုင်ထားသောလက်၏လက်မောင်း၌ပျားစွဲနေသည့်အလား ယင်ကောင်များစုပြုံ၍ခဲနေကြသည်။ အဖြူရောင်သတင်းစာပေါ်တွင်လည်း ယင်ကောင်များက အလုအယက်စုပြုံဝိုင်းအုံနေကြလေရာ အမည်းရောင်လွှမ်းနေသောကြောင့် ဆေးမင်ကြောင်ထိုးထားသူတစ်ဦး၊ ကြော်ငြာစာရွက် အမည်းရောင်ကို ကိုင်ဆောင်နေသယောင် အထင်မှားနိုင်ခြေရှိနေသည်။

ထိုမျှသာမကသေးပါ။ လက်ဖက်ရည်၊ ဘီယာ၊ ချိုင်န်၊ ဖန်၊ ခါး စားသောက်စရာများကိုလည်း ယင်ကောင်များက တွေ့မရှောင်၊ ဖင်ထောင်ပြီး နားခိုစားသောက်နေကြလေ့ရှိသည့်အပြင် **"အညီရှိရာ ယင်အုံ"** ဆိုသည့်စကားပုံနှင့်အညီ အညှီအဟောက်၊ အပုပ်အစပ်ရှိကြသည့်နေရာစုံမှာလည်း သွားရောက်စုပြုံစားသောက်နေကြလေ့ရှိရာ ထိုယင်ကောင်များမှာ ရောဂါပိုးမြောက်မြားစွာ ကပ်ပါလာကြပါတော့သည်။ ထို့ကြောင့် ယင်နားစာများကို စားသုံးမိကြပါက ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းဖောရောဂါများအပြင် ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများဖြစ်ပွားလာကြကာ ကူးစက်ရောဂါအဆင့်သို့ ပျံ့နှံ့သွားလေ့ရှိသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက မိုးဦးကျစအချိန်တိုင်းတွင် ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို နှိုးဆော်သတိပေးနေရသည်။

ဒုတိယ **"ယာဉ်အန္တရာယ်"** ကလည်း ကမ္ဘာ့ကြောက်လန့်စရာထိပ်တန်းဝင် အန္တရာယ်ဖြစ်နေသည်။ ကျန်းမာရေးကဏ္ဍတွင် ရှေးယခင်က ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါဟူသော ကူးစက်ရောဂါဆိုးကြီးများသာရှိခဲ့ရာမှ တီဘီ၊ အနာကြီး၊ ငှက်ဖျားတည်းဟူသော ကူးစက်ရောဂါများလည်း ထပ်မံပေါ်ပေါက်လာခဲ့သည်။ ယခုမျက်မှောက်ကာလတွင် အေအိုင်ဒီအက်၊ အီဘိုလာ၊ ဆားစ်၊ ကြက်ငှက်တုပ်ကွေး၊ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ စိတ်ဓာတ်ကျဆင်းမှုရောဂါများ ဆက်တိုက်ဆင့်ပွားဖြစ်ပေါ်နေသည့်ကြားမှ ချောက်ချားတုန်လှုပ်စရာ အလွန်ကောင်းလှသည့် ကိုဗစ်ကပ်ရောဂါကပေါ်လာခဲ့ပါသေးသည်။ ယခုအထိ ကျန်ရှိနေဆဲပင်။ ထိုကပ်ရောဂါများနည်းတူ **"ယာဉ်အန္တရာယ်"** ကလည်း ကမ္ဘာ့လူသားအားလုံးကို မီးနီပြခြိမ်းခြောက်နေလေပြီ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါဆိုးများနှင့် ပတ်သက်၍ သုတေသနပြုပြီး အဆင့်ခွဲခြားသတ်မှတ်ထားရာ **"ယာဉ်အန္တရာယ်"** မှာ ၁၉၉၀ ပြည့်နှစ်က

❖ လူများအမှုမဲ့အမှတ်မဲ့ ဥပေက္ခာပြုလျစ်လျူရှုနေကြသော "ယင်အန္တရာယ်" ကို စတင်အသိပေးလိုသည်။ မိုးဦးကျစတွင် သရက်သီးမှည့်များ၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးနှင့် အမှည့်လွန်သောအသီးများ မြိုင်မြိုင်ဆိုင်ဆိုင်လှိုင်လှိုင်ကြီး ပေါများလာလေ့ရှိရာ အဆိုပါ သီးမှည့်များနှင့် ဓာတ်တည့်မိတ်ဖက်များဆိုက မှားသော ယင်ကောင်များကလည်း ဖွားဖက်တော်များအလား ပေါများပေါက်ဖွား လာကြလေ့ရှိသည်။ မေလတွင် ယင်ကောင်တစ်ထောင်ရှိလျှင် ဇွန်လတွင် ယင်ကောင်ပေါင်း သောင်း၊ သိန်း၊ သန်းချီပြီး သောင်းကျန်းလေ့ရှိကြသည်။ ❖

ကမ္ဘာ့အဆင့်(၉)သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့်(၃)ထိ သိသိသာသာမြင့်တက်လာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏လမ်းများပေါ်တွင် ယာဉ်အန္တရာယ်ကြောင့် တစ်နှစ်လျှင် လူ ၁ ဒသမ ၃ သန်းခန့် သေဆုံးနေခဲ့ကြပြီး လူသန်းပေါင်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရ၊ ဒုက္ခိတဖြစ်နေကြောင်း၊ တစ်နာရီလျှင် ယာဉ်မတော်တဆမှုပေါင်း ၄၀၀ ကျော်ဖြစ်ပွားနေပြီး တစ်ရက်လျှင် လူ ၃၀၀၀ ခန့် သေဆုံးနေကြောင်း၊ အမေရိကန်နိုင်ငံတွင် နှစ်စဉ် လူ ၄၄၀၀၀ ခန့်သေဆုံးနေကြလေရာ ရှစ်နှစ်ကြာခဲ့သော ဗီယက်နမ်စစ်ပွဲ၌ လူ ၄၇၃၉၃ ဦး သေဆုံးခဲ့ကြသည့် ပမာဏနှင့် နှိုင်းယှဉ်ကြည့်ပါက ယာဉ်အန္တရာယ်ကြောင့် သေဆုံးနေရမှုက ကြောက်ခမန်းလိလိ တိုးပွားများပြားလာကြောင်း **"ကမ္ဘာလုံးဆိုင်ရာလမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ကြီး၏ အစီရင်ခံစာ"** ထဲတွင် အတိအလင်းဖော်ပြကြေညာခဲ့သည်။

ကျွန်တော်တို့နိုင်ငံတွင် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ နည်းလမ်းပေါင်းစုံဖြင့် အလေးထားဆောင်ရွက်နေခဲ့ကြသော်လည်း ကားနှင့် ဆိုင်ကယ်များ အလွန်များပြားနေသောကြောင့် ယာဉ်အန္တရာယ်များက တစ်နေ့တခြားတိုးပွားနေသည်။ ၂၀၂၃ ခုနှစ်က ယာဉ်အန္တရာယ်ဖြစ်ပွားမှု ၄၇၇၂ မှုရှိခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ချိန်ခါမရွေးအန္တရာယ်ပေးနေသော ယာဉ်အန္တရာယ်က အခြားသောရာသီများထက် မိုးဦးကျစတွင် ပိုမိုဖြစ်ပွားနေရခြင်းမှာ-

(၁) လမ်းများပေါ်တွင် လပေါင်းများစွာတင်ရှိနေကြသော စက်ဆီ၊ ချောဆီများ မိုးရေကြောင့် အရည်ပျော်ကုန်ကြပြီး လမ်းများချော်ခြင်း။

(၂) လမ်းများပေါ်တွင် နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိ ကျကျန်ခဲ့ကြသော မြေစိုင်ခဲများ မိုးရေကြောင့် ရွှံ့ညွန်များဖြစ်ကာ လမ်းများချော်ခြင်းများကြောင့် ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများ ပိုမိုဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထို့ပြင် အခြားခြောက်သွေ့ရာသီများကဲ့သို့ မိုးဦးကျစတွင် အရှိန်ပြင်းစွာမောင်းခြင်း၊ ကားဘီးများမှာ ပန်းမရှိဘဲ မောင်းခြင်း၊ လေပေါင်ချိန်များခြင်း၊ ကောင်းမွန်သောရေသုတ်တံမပါခြင်း၊ ကုန်ကားကြီးများ ဟန်ချက်မညီခြင်း၊ မိုးရွာ၊ မိုးအေးနေချိန်တွင် အရက်သောက်သုံးပြီး မောင်းခြင်း၊ ရှေ့မီးကြီးများကို မဖွင့်ဘဲ မောင်းခြင်းများကြောင့်လည်း ယာဉ်အန္တရာယ်မျိုးစုံကို ဖြစ်ပွားနေစေသည်။

သာမန်အချိန်တွင် (၁) **၁၂၀ မိုင်နှုန်းမောင်းလာသောကားကို ရုတ်တရက်ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ပေ ၃၀၊ (၂) မိုင် ၁၀၀ နှုန်း မောင်းလာသောကားကို ရုတ်တရက်ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ပေ ၂၀၊ (၃) မိုင် ၈၀ နှုန်းမောင်းလာသောကားကို ရုတ်တရက်ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ ၁၀ ပေထိ လျှောသွားနိုင်ကြောင်း** သုတေသီများက စစ်တမ်းထုတ်ထားသည်။

ဤသည်မှာ ပူပြင်းခြောက်သွေ့ရာသီနှင့် ဆောင်းရာသီတွင် လမ်းများစိုစွတ်ခြင်းမရှိကြဘဲ ပကတိပုံမှန်အနေအထားများမှာ ရှိနေကြသောအချိန်တွင် ဖြစ်လေ့ဖြစ်ထရှိကြသည့်ကားရွှေ့လျားမှု အရှိန်နှုန်းဖြစ်သည်။ အကယ်၍သာ မိုးဦးကျစ၊ စက်ဆီ၊ ချောဆီများ အရည်ပျော် လမ်းချော်နေချိန်တွင် အရှိန်မြင့်မောင်းလာသောကားက ရုတ်တရက် ဘရိတ်အုပ်လိုက်ပါက ရှေ့သို့ရွှေ့လျောမှုနှုန်း ပို၍များပြားပြီး ကားချင်းတိုက်၊ ထိခိုက်သေကျေ၊ ဒဏ်ရာရ၊ ဒုက္ခိတဖြစ်ပေလိမ့်မည်။

ယာဉ်မောင်းသူတိုင်း မိမိကားကို မထွက်ခွာမီကပင် ကားကြံ့ခိုင်ရေးအတွက် **"ပေါက်ရင် ဖာ၊ ပြတ်ရင် တပ်၊ ချောင်ရင် ကျပ်၊ အဲဒါဟာ သေမင်းကိုနိုင်တဲ့လက်နက်"**ဟု သတိပေးထားသေးသည်။ **"ကားကိုမမောင်းခင်မှာ စစ်ဆေးဖို့မမေ့နဲ့" "သတ်မှတ်ထားတဲ့စည်းကမ်းကို လိုက်နာမလား။ မလိုက်နာဘူးလား။ အရွေးမှားရင် အသက်ပေးရမယ်"** ဟုလည်း ကြောက်လန့်အောင် လှုံ့ဆော်ကြေညာထားသေးသည်။ သို့သော် အချည်းနှီးဖြစ်နေသော ယာဉ်မောင်းများကြောင့် အပြစ်မဲ့ခရီးသည်များ သေကျေ၊ ဒဏ်ရာရ၊ ဒုက္ခိတဖြစ်နေကြရသည်။

ယခုဆိုလျှင် ယာဉ်စည်းကမ်းလိုက်နာမှုမှာ အားနည်းပြီး စည်းပျက်ကမ်းပျက် မောင်းနှင်နေကြသည်။

ယာဉ်အန္တရာယ်ဖြစ်ပွားကြရခြင်း၏အကြောင်းရင်းများကို ယာဉ်အန္တရာယ်ဖြစ်ရပ်မျိုးစုံ အကြောင်းခံပြီး ထုတ်ပြန်သတိပေးထားသည်။

(၁) ယာဉ်မောင်းက သောက်စားမူးယစ်ပြီး မောင်းနှင်ခြင်း၊

(၂) အရှေ့၊ အနောက်ယာဉ်ကြောမှ မောင်းနှင်လာသည့်ယာဉ်များကို အချက်ပြမီးစနစ်ကျင့်သုံးရန် ပျက်ကွက်ခြင်း၊ နားမလည်ခြင်း၊

(၃) မိမိယာဉ်ကြောနောက်မှ ယာဉ်ကလည်း အချက်ပြမီးကိုမကြည့်ဘဲ အလျင်စလိုအရှိန်ပြင်းစွာ ကျော်တက်မောင်းနှင်ခြင်း၊

(၄) ဘေး ဘယ်၊ ညာကွေ့တော့မည်ကို အချက်ပြမီးသုံးရန်ပျက်ကွက်ခြင်းနှင့် မှားယွင်းပြသခြင်း၊

(၅) ယာဉ်ကြောတစ်ခုမှတစ်ခုသို့ မထီမဲ့မြင် ကျော်တက်ခြင်း၊

(၆) ညအချိန်အလိုက် မီးကြီးထိုးမှုမြင့်နိမ့်စနစ်ကျင့်သုံးရန် ပျက်ကွက်ခြင်း၊

(၇) ယာဉ်ကိုမမောင်းမီ၊ ယာဉ်ကြံ့ခိုင်ရေးစနစ်ကို ကျင့်သုံးရန်ပျက်ကွက်ခြင်း၊

(၈) ညဘက်အချိန်တွင် မီးမရှိဘဲမောင်းနှင်ခြင်း၊

(၉) ဘေး ဘယ်၊ ညာ၊ ရှေ့နောက်ကြည့်မှန်များ မထားရှိခြင်း၊

(၁၀) ယာဉ်မောင်းသူအိပ်ရေးပျက်နေသည့်ကြားမှ မောင်းနှင်ခြင်း၊

(၁၁) ယာဉ်ကြောလမ်းမကြီး၏ဘေး ဘယ်၊ ညာ၊ နိမ့်၊ မြင့် နေရာများ၊ လမ်းကွေ့နေရာများနှင့် တံတားများ၌ ပြသထားသည့် သင်္ကေတအမှတ်အသားများကို မကြည့်ခြင်း၊ နားမလည်ခြင်း စသည်များကို အလေးထား၍ လိုက်နာရှောင်ကြဉ်ကြရန်လိုသည်။

ထို့ပြင် **"မိုင်နှုန်းလေးစား၊ မောင်းသည့်ကား၊ အန္တရာယ်ကင်းမည်မှတ်"၊ "မိုင်နှုန်းမြင့်လျက်၊ ကားကျော်တက်၊ ဆုံးရှုံးမှာက အများအသက်"၊ "စိတ်ရှည်သည်းခံ၊ လမ်းကြောင်းမှန်၊ မောင်းရန်မော်တော်ကား"၊ "မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်"၊ "အန္တရာယ်ကင်းစေကြောင်း၊ စိတ်ကြည်လင်မှ ကားကိုမောင်း"၊ "သင့်အား သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီ ရန်မခဘဲ အိမ်ပြန်လာချိန် စောင့်မျှော်နေသည်ကို သတိပြုပါ"** ဟုလည်း လှုံ့ဆော်ပညာပေးထားသည်။ သို့သော် တချို့က လိုက်နာခြင်းမရှိကြသောကြောင့် ဘေးဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။

**လျှပ်စစ်အန္တရာယ်**

မိုးဦးလေဦးကျခါစတွင် လေပြင်းများတိုက်ခတ်ကြသဖြင့် သစ်ပင်များလဲကျ၊ သစ်ကိုင်းများ ကျိုးကျကြရာမှ ဓာတ်ကြိုးများနှင့်ငြိကုန်ကြပြီး ဓာတ်လိုက်သေဆုံးကြရသည့်အန္တရာယ်ကလည်း အလွန်ပင်ကြီးမားလှသည်။ ဓာတ်ကြိုးများ ပြုတ်ကျနေချိန်တွင် လူများနှင့် တိရစ္ဆာန်များ အမှုမဲ့အမှတ်မဲ့ ဖြတ်သန်း

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

- လူငယ်တွေ အသိပွား
သတိထား ရှောင်ကြဉ်ပါ၊
ဆေးလိပ်အန္တရာယ် သတိပြု
ရှေးရှုလို့သာ၊
"မူးယစ်အစ ဆေးလိပ်ပါ"
တွေးထိတ်စရာ ရောဂါများ၊
အစပြုကာ မသုံးစွဲဖို့
လုံးဝရှောင်ရှား။

- ကမ္ဘာ့နိုင်ငံ အများက
သတ်မှတ်ထား နေ့ရက်ပါ၊
အားလုံးပါဝင် စည်းဝေးလို့
ရွေးချယ်လို့သာ၊
"သုံးဆယ့်တစ်ရက်"မေလမှာ
ညီညီညာညာ သတ်မှတ်ထား၊
ဆေးလိပ်ဆေးရွက်ကို မုန်းတီးကြဖို့
စည်းရုံးလှုပ်ရှား။

- ဆေးလိပ်သည် လူသားတို့အား
ဆိုးကျိုးများ ဘေးအန္တရာယ်၊
သွေးတိုးဆီးချို အဆုတ်ကင်ဆာများတို့
ဖြစ်ပွားလို့ကွယ်၊
ဦးနှောက်သွေးကြော ပိတ်ကာရယ်
လေဖြတ်လွယ် ရောဂါပွား၊
အသက်တိုစေ သတိထားလို့
(ဆေးလိပ်များကို)
တားဆီးကာသွား။ ။

**ပန်းမာလာ**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက မေလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် လေးခု လုပ်ကိုင်ခွင့်ပြုခဲ့

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယခုနှစ် မေလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၃၀၁ ဦး ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် လေးခုကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။



အဆိုပါလုပ်ငန်းသစ် လေးခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် မြန်မာငွေကျပ် ၁၅၅၅ ဒသမ ၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၉ သန်းရှိကြောင်း၊ ထိုလုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ၂၃၀၁ ဦး အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လုပ်ငန်းများမှာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"မေ ၂၇ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး (၅/၂၀၂၄)ကနေ ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနဲ့ ရာနှုန်းပြည့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုတို့ကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းတွေမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်နဲ့ အိတ်အမျိုးမျိုးချုပ်လုပ်တဲ့လုပ်ငန်း၊ CMP စနစ်နဲ့ အဝတ်အထည်အမျိုးမျိုးချုပ်လုပ်တဲ့ လုပ်ငန်းနဲ့ CMP စနစ်နဲ့ သတို့သမီးဝတ်စုံအမျိုးမျိုးချုပ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်း၊ လုပ်သားအင်အား တိုးမြှင့်ခြင်းတို့လည်း ရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း အတွင်းရေးမှူး ဦးညီညီမင်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

➤ စာမျက်နှာ ၄ မှအဆက်

သွားလာကြရင်းက ဓာတ်လိုက်သေဆုံးကြရသည်။ ဓာတ်ကြိုးရေထဲပြုတ်ကျနေသည်ကို မသိကြသောကလေးငယ်များ ဆော့ကစားကြရင်းက ရေထဲဆင်းမိကြသဖြင့် ဓာတ်လိုက်သေဆုံးကြရသည်။ စည်ပင်သာယာနှင့် လျှပ်စစ်ဝန်ထမ်းများကို အသိမပေးကြဘဲ ကိုယ့်အစီအစဉ်ဖြင့် သစ်ပင်ခုတ်လှဲ၊ သစ်ကိုင်းချိုင်ကြရင်းက ဓာတ်ကြိုးများနှင့်ထိပြီး ဓာတ်လိုက်သေဆုံးကြရလေ့ရှိသည်။

လျှပ်စစ်မီးက ပျက်လိုက်၊ လာလိုက်ဖြစ်နေလေရာ အမှုမဲ့အမှတ်မဲ့ ပြုမူလှုပ်ရှားနေကြသူ၊ ကလေး၊ လူငယ်၊ လူကြီးများအတွက် လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်ကြသည်။

မိုးဦးကျစနှင့် မိုးရာသီတွင် ဓာတ်လိုက်သေဆုံးမှုများက အခြားရာသီများထက် ပိုမိုများပြားလေ့ရှိသည်။ မိုးရေစိုနေသော ဝါးလုံးချောင်း၊ ဝါးခြမ်းပြား၊ သစ်သားချောင်းများဖြင့် ပြုတ်ထွက်နေသော ဆားဗစ်ကြိုးများ၊ ဓာတ်ကြိုးများကို ထိုးတင်ခြင်း၊ ဖယ်ရှားခြင်း၊ ရေမော်တာနှိုးထားစဉ် သွယ်တန်းထားသော ဓာတ်ကြိုးပေါက်ပြဲနေသည်ကိုမသိဘဲ အမှုမဲ့အမှတ်မဲ့ ကိုင်မိခြင်း၊ ဖိနပ်မပါဘဲ ရေစိုလက်ဖြင့် ရေမော်တာနှိုးခြင်း၊ မီးစက်နှိုးခြင်းများကြောင့်လည်း နှစ်စဉ်ဓာတ်လိုက်သေဆုံးနေကြရသည်။

မြွေဆိုးကိုက်လျှင် မြွေဆိပ်ဖြေဆေးရှိသော်လည်း ဓာတ်လိုက်လျှင်၊ မိုးကြိုးပစ်လျှင် ဖြေဆေးမရှိသည့်အပြင် ချက်ချင်းသေကြရသည်။ လျှပ်စစ်ဌာနက အခါအားလျော်စွာ ကြေညာလှုံ့ဆော်ထားသော ဆောင်ဖွယ်၊ ရှောင်ဖွယ် အသွယ်သွယ်ဖြင့်သာ ကြိုတင်ကာကွယ်ကြရပေမည်။

မိုးရာသီ၏ အန္တရာယ်သုံးသွယ်ဖြစ်ကြသော **ယင်အန္တရာယ်၊ ယာဉ်အန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်**များသည် အသက်ဘေးကို ထိခိုက်စေသောအန္တရာယ်များဖြစ်ကြသည်။ သတိမူလျှင် မြူကိုပင် မြင်နိုင်သည်။ စည်းကမ်းလိုက်နာ ဘေးကင်းကွာသည်။ လူ့အသက်ထက် တန်ဖိုးရှိသည်မှာ ဘာမျှမရှိ။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ထို့ကြောင့် အသက်ကို ဉာဏ်စောင့်ဆိုသလို မိုးရာသီအန္တရာယ်များကို မမေ့မလျော့၊ မပေါ့မဆကြဘဲ စည်းကမ်းရှိရှိ အသိသတိ၊ ဉာဏ်မျက်စိကိုယ်စီဖြင့်သာ ကြိုတင်ကာကွယ်ကြစေချင်ပါသည်။

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ မေ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ပေးပို့ရမည့်ငွေစာရင်းများပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းရန် မှာကြားခဲ့ကြောင်း သိရသည်။

အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို**

# နိုင်ငံတကာ သတင်းများ

## ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဇီဂျာတို ဘီလာရုစ်နိုင်ငံသို့ ရောက်ရှိ

**မင့်စ် မေ ၃၀**

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်ဟန်ဂေရီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ပီတာဇီဂျာတိုသည် မေ ၂၉ ရက်တွင် ဘီလာရုစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဘီလာရုစ်နှင့်ဟန်ဂေရီတို့ကြား ဆက်ဆံရေး တိုးချဲ့တည်ဆောက်ရေးအတွက်ဆွေးနွေးရန် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး အနေဖြင့် ဘီလာရုစ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဘီလာရုစ်နိုင်ငံသည် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

သို့သော် အရေးယူပိတ်ဆို့မှုများနည်းပါးလေလေ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာနိုင်လေလေ ဖြစ်ကြောင်း ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ဘီလာရုစ်နိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများမှာ အလုပ်မဖြစ်ကြောင်း၊ သို့သော် ဟန်ဂေရီနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအရေးယူပိတ်ဆို့မှုများအကျိုးသက်ရောက်မှုမရှိသည့် နယ်ပယ်များတွင် ဘီလာရုစ်နှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နေကြောင်း ဟန်ဂေရီဝန်ကြီးချုပ်က ပြောကြားထားသည်။

ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်ပြီး ယူကရိန်းစစ်ပွဲကိုအကြောင်းပြု၍ ဥရောပသမဂ္ဂနှင့်ဆက်ဆံရေး တင်းမာနေသောနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**




## ဂိုလန်ကုန်းမြင့်ဒေသ အရပ်ပါ

## ဂါဇာကမ်းမြောင်နှင့် အီဂျစ်နယ်စပ်ရှိ ကြားခံဇုန်ကို အစ္စရေးတပ်များထိန်းချုပ်

**ဂျေရုဆလင် မေ ၃၀**

ဂါဇာကမ်းမြောင်နှင့် အီဂျစ်နယ်စပ်ရှိ ကြားခံဇုန်တစ်ခုကို အစ္စရေးတပ်များက မေ ၂၉ ရက်တွင် ထိန်းချုပ်လိုက်ပြီဖြစ်သည်။

ဖီလာဒယ်လ်ဖီးယား ဟူ၍ အမည်ပေးထားသည့် အဆိုပါနယ်စပ်ကြားခံဇုန်ကို ထိန်းချုပ်နိုင်ခဲ့မှုကြောင့်အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသ၏ ကုန်းတွင်းနယ်စပ် တစ်ခုလုံးကို အပြည့်အဝ ချုပ်ကိုင်ထားနိုင်ခဲ့ပြီဖြစ်သည်။

အရှည်ကိုးမိုင်ရှိသည့် ဖီလာဒယ်လ်ဖီးယားကြားခံဇုန်သည်ဂါဇာကမ်းမြောင်ဒေသသို့ လက်နက်များ မှောင်ခို သွင်းယူရေးအတွက် ဟားမတ်စ်အုပ်စုက အသုံးပြုနေသော လမ်းကြောင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် အစ္စရေးစစ်ဘက်သည် ဂါဇာတောင်ပိုင်း ရာဖာမြို့ကိုလည်း မြေပြင်ထိုးစစ်များဆင်နွှဲလျက်ရှိသည်။

ရာဖာမြို့အား တိုက်ခိုက်မှု ရပ်ဆိုင်းရန် နိုင်ငံတကာတရားရုံး (အိုင်စီဂျေ)က ညွှန်ကြားထားသော်လည်း အစ္စရေးနိုင်ငံက ရာဖာမြို့ကို ဆက်လက်တိုက်ခိုက်နေခြင်းဖြစ်သည်။

ရာဖာမြို့သည် ခုနစ်လကျော်ကြာမြင့်နေပြီဖြစ်သည့် အစ္စရေး-ဟားမတ်စ် စစ်ပွဲကာလအတွင်း စစ်ပြေးဒုက္ခသည် ဖြစ်ခဲ့ရသည့် ပါလက်စတိုင်းထောင်ပေါင်းများစွာ ခိုလှုံနေသော မြို့ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အာရပ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင် ပြောကြား




**ပေကျင်း မေ ၃၀**

တရားမျှတမှုကို ထိန်းသိမ်းထားနိုင်ပြီး ရေရှည်ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ဖန်တီးပေးနိုင်မည့် နည်းလမ်းများဖြင့် ကမ္ဘာ့ပြဿနာများကိုဖြေရှင်းရာတွင် အာရပ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ယနေ့တွင် ပြောကြားခဲ့သည်။

ပေကျင်းမြို့၌ ယနေ့တွင်ကျင်းပသည့် တရုတ်-အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ညီလာခံဖွင့်ပွဲမိန့်ခွန်းတွင် တရုတ်သမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါမိန့်ခွန်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ဂါဇာကမ်းမြောင်ပြဿနာကို အဓိကအကြောင်းအရာ တစ်ရပ်အဖြစ် ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးလမ်းစဉ်ကို ထောက်ခံအားပေးကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် တရုတ်ယွမ်ငွေ သန်း ၅၀၀ အမေရိကန်ဒေါ်လာ ၆၉ သန်း ပေးအပ်မည်ဖြစ်ကြောင်း တရုတ်သမ္မတက ယနေ့တွင် ကတိပေးခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်းနှင့် အာရပ်နိုင်ငံများကြား ဆက်ဆံရေးပုံစံကို ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စံပြုရမည့် ဆက်ဆံရေးပုံစံအဖြစ်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ရုရှားနှင့်ယူကရိန်းတို့ပါဝင်မည့် ငြိမ်းချမ်းရေးညီလာခံ တရုတ်ကျင်းပပေးနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

**မော်စကို မေ ၃၀**

ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံစလုံးပါဝင်မည့် ငြိမ်းချမ်းရေးညီလာခံတစ်ခုကို တရုတ်နိုင်ငံက စီစဉ်ကျင်းပပေးနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနှင့်ယူကရိန်းတို့ ပါဝင်မည့် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးသည် တရုတ်နိုင်ငံ၏ ယူကရိန်းပဋိပက္ခ ချုပ်ငြိမ်းရေးကြိုးပမ်းမှုများထဲတွင် ပါဝင်လိမ့်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရုရှားပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ယူကရိန်းပြည်တွင်းရှိ ရုရှားထိန်းချုပ်မှုအောက်မှ နယ်မြေများကို ရုရှားအချုပ်အခြာပိုင် နယ်မြေများအဖြစ် ယူကရိန်းနှင့်အနောက်အုပ်စုတို့က အသိအမှတ်ပြုခဲ့ပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရန်အသင့်ရှိကြောင်း ရုရှားနိုင်ငံက အကြိမ်ကြိမ်ပြောကြားထားသည်။

ရုရှားပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်သည် ယူကရိန်းကို အကူအညီပေးနေသည့် အမေရိကန်နိုင်ငံကို ဝေဖန်ခဲ့သည်။

ယူကရိန်းအစိုးရက ကျူးလွန်နေသောရာဇဝတ်မှုများတွင် အမေရိကန်နိုင်ငံလည်း ကြံရာပါဖြစ်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ယူကရိန်းပြဿနာကို အကြောင်းပြု၍ နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးအခြေအနေသို့ရောက်ခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## သမ္မတရွေးကောက်ပွဲအတွက် မှတ်ပုံတင်စာရင်းသွင်းမှု အီရန်နိုင်ငံစတင်

**တီဟီရန် မေ ၃၀**



လာမည့်လအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက်ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများ မှတ်ပုံတင်စာရင်းသွင်းမှု လုပ်ငန်းကို အီရန်နိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သမ္မတရိုင်စီ ကွယ်လွန်ခဲ့ရပြီးနောက် အီရန်နိုင်ငံသည် သမ္မတရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက်စော၍ ဇွန်လအတွင်းကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

ငါးရက်ကြာသမ္မတလောင်းများ စာရင်းသွင်းမှတ်ပုံတင်မှု လုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် ရွေးကောက်ပွဲများနှင့်ဥပဒေပြုရေးတို့ကို ကြီးကြပ်ရသည့် အီရန်ပြည်စောင့်ကောင်စီက ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် သမ္မတလောင်းများကို စိစစ်ရွေးချယ်မည် ဖြစ်ကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် သမ္မတလောင်းများအပြီးသတ်စာရင်းကို ပြည်စောင့်ကောင်စီက ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အီရန်သမ္မတ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရနိုင်မည့် သမ္မတလောင်းများထဲတွင် လက်ရှိယာယီအီရန်သမ္မတ မိုဟာမက်မော့ခ်ဘာနှင့် လွှတ်တော်ဥက္ကဋ္ဌဟောင်းအလီလာရီဂျာနီတို့လည်း ပါဝင်လာနိုင်ဖွယ်ရှိသည်။

လာမည့် အီရန်သမ္မတရွေးကောက်ပွဲတွင် တစ်ယူသန်ဝါဒီသမ္မတလောင်းများ အဓိကလွှမ်းမိုးထားနိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ဇွန် ၁ ရက်တွင် လွှတ်တင်ရန် နာဆာနှင့်ဘိုးရင်းကုမ္ပဏီ စီစဉ်ထား




**ဝါရှင်တန် မေ ၃၀**

အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ဇွန် ၁ ရက်တွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီမှ ကျွမ်းကျင်သူများသည် မေ ၂၉ ရက်တွင် စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို မလွှတ်တင်မီ အပြီးစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားကြောင်း သိရသည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

CFT မစ်ရှင်ဟူ၍ အမည်ပေးထားသော ဇွန် ၁ ရက်မစ်ရှင်သည် အာကာသယာဉ်မှူးများ လိုက်ပါမည့် ပထမဆုံးစတားလိုင်နာမစ်ရှင်ဖြစ်ကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကိုလွှတ်တင်ရန် မေ ၆ ရက်က ကြိုးပမ်းခဲ့သော်လည်း ဒုံးပျံပြဿနာများကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း သိရသည်။

ဇွန် ၁ ရက်တွင် လွှတ်တင်ဖြစ်ခဲ့ပါက စတားလိုင်နာ အာကာသလူသယ်ယာဉ်သည် နာဆာအာကာသယာဉ်မှူးနှစ်ဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သစ်သားဖြင့် တည်ဆောက်ထားသည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုကို ဂျပန်သိပ္ပံပညာရှင်များ ထုတ်ဖော်ပြသ

**ဝါရှင်တန် မေ ၃၀**

သစ်သားဖြင့် တည်ဆောက်ထားသည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုကို ဂျပန်သိပ္ပံပညာရှင်များက မေ ၂၉ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။


Ligno Sat ဟူ၍အမည်ပေးထားသော အဆိုပါဂြိုဟ်တုငယ်ကို ကျိုတိုတက္ကသိုလ်နှင့် ဆူမီတိုမို သစ်တောသုတေသနဌာနမှ သိပ္ပံပညာရှင်များ ပူးပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။

အရွယ်အစားအားဖြင့် ကုဗစင်တီမီတာ ၁၀ စင်တီမီတာရှိသည့် Ligno Sat ဂြိုဟ်တုကို စံကားသားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

Ligno Sat ဂြိုဟ်တုကို တည်ဆောက်ရာတွင် ဂျပန်သိပ္ပံပညာရှင်များသည် ဂျပန်ရိုးရာလက်သမားပညာကို အသုံးပြုခဲ့ပြီး ဝက်အူသို့မဟုတ် ကော်များသုံးစွဲထားခြင်း မရှိကြောင်း သိရသည်။

ဂျပန် သိပ္ပံပညာရှင်များသည် Ligno Sat ဂြိုဟ်တုကို ယခုနှစ်စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် အနာဂတ် အာကာသယာဉ်များနှင့် ဂြိုဟ်တုများကို တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသောသစ်သားများကို အသုံးပြု၍ ရ၊ မရ သိရှိရေးအတွက် Ligno Sat ဂြိုဟ်တုဖြင့် စမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။



**Ref : Russia Today**

**Trs : KKO**

## ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီက ပုဂ္ဂလိကဂြိုဟ်တုလေးစင်းကို ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီသည် ပုဂ္ဂလိကဂြိုဟ်တုလေးစင်းကို မေ ၂၉ ရက်တွင် ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။



တီယန်ချီ ၂၅-၂၈ အမျိုးအစား ဂြိုဟ်တုလေးစင်းကို ဂလက်စတစ်အင်နာဂျီကုမ္ပဏီက စီးရက်စ်-၁ အမည်ရှိ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ရပ်တန့်ထားသော ရေယာဉ်တစ်စင်းပေါ်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရက်စ်-၁ ဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုလေးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၅၂၈ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ဂလက်စတစ် အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

မေ ၂၉ ရက် မစ်ရှင်သည် စီးရက်စ်-၁ ဒုံးပျံများ၏ ၁၂ ကြိမ်မြောက်မစ်ရှင်ဖြစ်ပြီး ပင်လယ်ပြင်မှတစ်ဆင့်လွှတ်တင်ခဲ့သော ဒုတိယမြောက် စီးရက်စ်-၁ မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## မျိုးဗီဇစစ်ဆေးမှုပုံစံတစ်မျိုးကြောင့် ရင်သားကင်ဆာလူနာများ မလိုအပ်ဘဲဓာတုကုထုံးရယူမှုကို ရှောင်ရှားနိုင်မည်

**လန်ဒန် မေ ၃၀**

မျိုးဗီဇစစ်ဆေးနည်းပုံစံတစ်မျိုးကြောင့် ရင်သားကင်ဆာရောဂါ စစ်ဆေးတွေ့ရှိထားရသူ အမျိုးသမီးများအနေဖြင့် မလိုအပ်ဘဲ ဓာတုကုထုံးရယူနေရမှုကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ကင်ဆာဆဲလ်များ ပျံ့နှံ့နေပြီဖြစ်သော ရင်သားကင်ဆာလူနာများအနေဖြင့် ကင်ဆာဆဲလ်များကိုခွဲစိတ်ဖယ်ရှား၍ ကင်ဆာဆဲလ်များ တစ်ဖန်ပြန်ပေါ်မလာစေရန် ဓာတုကုထုံးဆက်လက်ခံယူကြရသည်။

ကင်ဆာဆဲလ်များ ခွဲစိတ်ဖယ်ရှားပြီးနောက် ရင်သားကင်ဆာတစ်ကျော့ ပြန်ပေါ်လာနိုင်ခြေမှာ နည်းပါးသည်ဖြစ်ရာ အမျိုးသမီးလူနာ အတော်များများမှာ မလိုအပ်ဘဲ ဓာတုကုထုံးခံယူနေကြကြောင်း သိရသည်။

သို့ရာတွင် Oncotype DX အမည်ရှိ မျိုးဗီဇစမ်းသပ်မှုပုံစံ တစ်ရပ်ကြောင့် ရင်သားကင်ဆာလူနာများအနေဖြင့် မလိုအပ်ဘဲဓာတုကုထုံးရယူရမှုကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Oncotype DX မျိုးဗီဇစစ်ဆေးနည်းသည် စမ်းသပ်မှုရလဒ်များအရ ရင်သားကင်ဆာလူနာ ၈၅ ရာခိုင်နှုန်း၌ ရင်သားကင်ဆာ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ပင်မဆဲလ်ကုထုံးတစ်ရပ်ကို အသုံးပြု၍ အမျိုးသားတစ်ဦး၏ ဆီးချိုရောဂါကို တရုတ်သုတေသနပညာရှင်များအောင်မြင်စွာကုသနိုင်ခဲ့

**ပေကျင်း မေ ၃၀**

ပင်မဆဲလ် ကုထုံးတစ်ရပ်ကို အသုံးပြု၍ တရုတ်သုတေသနပညာရှင်များက အမျိုးသားတစ်ဦး၏ ဆီးချိုရောဂါကို အောင်မြင်စွာကုသပေးနိုင်ခဲ့ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ၂၀၂၁ ခုနှစ်က အသက် ၅၉ နှစ်အရွယ် အမျိုးသားတစ်ဦး၏ ဆီးချိုရောဂါကို ဆဲလ်အစားထိုးကုထုံးဖြင့် စတင်ကုသပေးခဲ့ရာ ၂၀၂၂ ခုနှစ် နောက်ပိုင်းမှစ၍ ဆေးဝါးကုသမှုခံယူရန် မလိုအပ်တော့ကြောင်း သိရသည်။

အထက်ပါစမ်းသပ်ဆဲ ဆဲလ်အစားထိုးကုထုံးသည် အင်ဆူလင်ဟော်မုန်းထုတ်လုပ်ပေးပြီး သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းပေးနိုင်သော ပန်ကရိယဆဲလ်တစ်မျိုးကို ပုံတူဖန်တီးပေးနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များက အထက်ပါကုထုံးဖြင့်ကုသပေးခဲ့သော အမျိုးသားမှာ ပုံစံ-၂ ဆီးချိုရောဂါကို ၂၅ နှစ်ကြာခံစားခဲ့ရသူဖြစ်ပြီး အင်ဆူလင်ထုတ်ပေးနိုင်သည့် ဆဲလ်အားလုံးနီးပါး ဆုံးရှုံးထားသောသူဖြစ်သည်။

သို့ရာတွင် ဆဲလ်အစားထိုးကုထုံးခံယူပြီးနောက် ၂၀၂၂ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ၎င်းအမျိုးသားမှာ ၃၃ လကြာမျှ အင်ဆူလင်ထိုးဆေးကို သော်လည်းကောင်း၊ အခြားဆေးဝါးများကိုသော်လည်းကောင်း သုံးစွဲရန်မလိုအပ်တော့ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များအနေဖြင့် ပုံစံ-၂ ဆီးချိုရောဂါကို ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ဆဲလ်အစားထိုးကုထုံးဖြင့် အောင်မြင်စွာ ကုသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘုန်းမောက်အသင်းက အူနယ်လ်ကို စတာလင်ပေါင် ၁၃ သန်းဖြင့် ခေါ်ယူ

**လန်ဒန် မေ ၃၀**

ဘုန်းမောက် အသင်းသည် ဂီတာဖေးအသင်းမှ တိုက်စစ်မှူး အူနယ်လ်ကို ရာသီဝက်အငှား စာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး အူနယ်လ်သည် ဘုန်းမောက်အသင်းအား ဘောလုံးရာသီပိတ်သိမ်းချိန်တွင် ရမှတ် ၄၈ မှတ်ဖြင့်အမှတ်ပေးဇယား အဆင့်(၁၂)တွင် ရပ်တည်နိုင်အောင် ကူညီနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက အပြီးသတ်ခေါ်ယူ၍ လာမည့် ၂၀၂၈ ခုနှစ်ထိလေးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး အူနယ်လ်သည် ဘုန်းမောက်အသင်းနှင့်အတူ သုံးပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ပြီး ၁၄ ပွဲကို လူစားဝင်ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း သွင်းဂိုးနှစ်ဂိုးသွင်းယူ၍ နည်းပြအီရာအိုလာ၏ယုံကြည်မှုကိုရယူနိုင်ခဲ့သောကြောင့် အပြီးသတ် ပြောင်းရွှေ့ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူး အူနယ်လ်သည် နိုင်ငံလက်ရွေးစင် တူကီယဲအသင်းအတွက် ပြိုင်ပွဲစုံ ၃၂ ပွဲထိ ပါဝင်ကစားပေးခဲ့ပြီး ယခုနှစ်ယူရို ပြိုင်ပွဲ ကစားမည့် တူကီယဲအသင်း လူစာရင်းတွင် ရွေးချယ်ခံခဲ့ရကာ အသင်းအနေဖြင့် အုပ်စုအဆင့်တွင် ပေါ်တူဂီ၊ ချက်၊ ဂျော်ဂျီယာအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကြောင်း သိရသည်။

အူနယ်လ်သည် ကစားသမားဘဝကို ဘူဆာစပေါ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ဂျန့်အသင်း၊ ဘရီဒါအသင်း၊ တွမ်တီးအသင်း၊ ဗီလာရီးရဲလ်အသင်း၊ လီဗန်တေးအသင်း ၊ ဗယ်လာဒိုးလစ်အသင်း၊ ဂီတာဖေးအသင်းတို့တွင်ကစားခဲ့ရာ ဂီတာဖေးအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့် မရခဲ့သဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဘုန်းမောက်အသင်းသို့ အပြီးသတ်ဝယ်ယူခွင့်ပါရှိသည့်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းနည်းပြ စလော့က တိုက်စစ်မှူး ဒါဝင်နူနက်၏ နေရာတွင်အစားထိုးရန်အတွက် အေဗီလာတိုက်စစ်မှူးဝက်ကင်းကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ မန်စီးတီးအသင်းက အသင်းမှ ထွက်ခွာရန်စီစဉ်နေသည့် ဂိုးသမားအီဒါဆန်နှင့် အော်တီဂါတို့နေရာတွင် ဝါဒါဘရီမင်ဂိုးသမား ဇက်တာရာနှင့်အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ❑ လိုက်ပ်ဇစ်အသင်းခံစစ်ကစားသမား အိန်ဂျယ်လီနိုကို ရိုးမားအသင်းက ပြောင်းရွှေ့ကြေး ယူရို ငါးသန်းဖြင့်ခေါ်ယူခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ ဘာစီလိုနာအသင်းနည်းပြသစ် ဖလစ်က လူငယ်ကစားသမား အန်ဆုဖာတီကို ရာသီအကြိုခြေစမ်းပွဲတွင် အသုံးပြုရန်စီစဉ်ထားပြီး ကစားသမားအတွက် အခွင့်အရေးပေးသွားမည်ဟု ပြောကြားခဲ့သည်။ **ML**

# ပထမဆုံးဥရောပဖလားရရှိသည့် ဂရိကလပ်အသင်းအဖြစ် အိုလံပီယာကို့စ်အသင်း မှတ်တမ်းဝင်



**အေသင် မေ ၃၀**

ယူရိုပါကွန်ဖရင့်လိဂ် ဗိုလ်လုပွဲတွင် အိုလံပီယာကို့စ်အသင်းက ဖီအိုရင်တီးနားအသင်းကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပထမဆုံး ဥရောပဖလားရရှိခဲ့သည့် ဂရိအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိုလံပီယာကို့စ်အသင်းသည် ၁၆ သင်းရှုံးထွက်အဆင့်တွင် မက္ကာဘီတဲလ်အဗစ်အသင်းကို ခုနစ်ဂိုး ငါးဂိုးဖြင့်လည်းကောင်း၊ကွာတားဖိုင်နယ်တွင် ဖီနာဘာချီအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင်လည်းကောင်း၊ဆီမီးဖိုင်နယ်အဆင့်တွင် အေဗီလာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။

ဖီအိုရင်တီးနားအသင်းကလည်း ရှုံးထွက်အဆင့်တွင် မက္ကာဘီဟိုင်ဖာအသင်းကို ငါးဂိုး လေးဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် ပလာဇန်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရူဂျက်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် အိုလံပီယာကို့စ်နှင့် တွေ့ဆုံခဲ့ရာ ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရာ အချိန်ပိုပွဲချိန် ၁၁၆ မိနစ်တွင် အယ်ကာအဘီက အိုလံပီယာကို့စ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂရိကလပ်မှ ပင်နယ်သီယာကို့စ်အသင်းအနေဖြင့် ဥရောပပြိုင်ပွဲတွင် ၁၉၇၁ ခုနှစ်က ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း အေဂျက်အသင်းကို ရှုံးနိမ့်ခဲ့ပြီး ဆုဖလားနှင့် လွဲချော်ခဲ့ရပြီးနောက် ဥရောပဖလားသမိုင်းတွင် ဂရိအသင်းများ ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ အိုလံပီယာကို့စ်အသင်းက ဗိုလ်လုပွဲတက်ရောက်ခဲ့ရာတွင် ဖီအိုရင်တီးနားကို အနိုင် ရယူနိုင်ခဲ့သောကြောင့် ပထမဆုံး ဥရောပဖလားရရှိသည့် ဂရိကလပ်အသင်းဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# US Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ ပါဝင်ယှဉ်ပြိုင်မည်

**ပန်ဆယ်ဗေးနီးယား မေ ၃၀**

ယခုနှစ်အတွင်း အောင်မြင်မှုများရရှိထားသည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည်မကြာမီကျင်းပမည့် ဂေါက်သီးရိုက်လောက၏ အရှိန်အဝါကြီးသော US Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ် လန်ကက်စတာကောင်တီတွင် ကျင်းပသွားမည့် US Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် အမျိုးသမီးဂေါက်သီးရိုက် လောကအတွက် ဆုကြေးငွေအမြင့်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အရှိန်အဝါအကြီးဆုံးပြိုင်ပွဲဖြစ်သည့်အတွက် ကမ္ဘာ့အဆင့် ဂေါက်သီးရိုက်မယ်အားလုံး ပါဝင်ယှဉ်ပြိုင်သွားရန် ပြင်ဆင်လျက်ရှိသည်။

US Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ချန်ပီယံဆု ဆွတ်ခူးခဲ့ဖူးသည့် ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ် နှစ်ဦးသာရှိခဲ့ဖူးသည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဂေါက်သီးရိုက်မယ်များအတွက် မှတ်တမ်းဆိုးများရှိနေသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

နယ်လီကော့ဒါသည် ယင်းမှတ်တမ်းဆိုးကိုချေဖျက်ရန် ရေပန်းစားနေသလို ယခုနှစ်အတွင်း ဆုဖလားခြောက်လုံးထိရရှိထားသည့် ဂေါက်သီးရိုက်မယ်ဖြစ်သည်။

၎င်းသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ပြိုင်ပွဲ ခုနစ်ရပ်၌ ပါဝင်ယှဉ်ပြိုင်ထားပြီး ချန်ပီယံဆု ခြောက်ကြိမ်ထိ ရရှိထားသည့် ဂေါက်သီးရိုက်မယ်တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မန်ယူအသင်းက ဂရင်းဝုဒ်ကို အေတီကိုမှ ဂျာအိုဖီးလစ်နှင့်အလဲအလှယ်ပြုလုပ်ရန်ကြိုးပမ်း

**မန်ချက်စတာ မေ ၃၀**

မန်ယူအသင်းသည် လာမည့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အေတီကိုအသင်းမှ စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကိုအလိုက်ပေး၍ တိုက်စစ်မှူး ဂျာအိုဖီးလစ်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် ယခုနှစ်ဘောလုံးရာသီ ဂီတာဖေးအသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် ခြေစွမ်းပြသ၍ ဂီတာဖေးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ရယူနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့ကခေါ်ယူရန် ကြိုးပမ်းနေသဖြင့် မန်ယူအသင်းက ဂရင်းဝုဒ်ကိုအလိုက်ပေး၍ အေတီကိုအသင်းမှ တိုက်စစ်မှူး ဂျာအိုဖီးလစ်ကိုခေါ်ယူရန် စီစဉ်နေသည်။

ဂျာအိုဖီးလစ်သည် ဘာစီလိုနာအသင်း၌ အငှားစာချုပ်ဖြင့်ကစားနေသူဖြစ်ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၄၄ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြနိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကစားသမား၏လုပ်ခလစာနှင့်ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် မခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂျာအိုဖီးလစ်သည် အေတီကိုအသင်း နည်းပြအဖွဲ့နှင့် ဆက်ဆံရေးအဆင်မပြေမှုများရှိနေသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းရန် ဆန္ဒမရှိသောကြောင့် အေတီကိုအသင်းက ဂျာအိုဖီးလစ်ကို အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း တိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူလိုသောကြောင့်



မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိနေသည်။

ဂျာအိုဖီးလစ်သည် ၂၀၁၉ ခုနှစ်က ဘင်ဖီကာအသင်းမှအေတီကိုအသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့်လျော့နည်းခဲ့သောကြောင့် အသင်းနှင့် ဆက်ဆံရေး အဆင်မပြေမှုများရှိလာခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ချဲလ်ဆီးအသင်းသို့လည်းကောင်း၊ ယခုနှစ်တွင် ဘာစီလိုနာအသင်းသို့ လည်းကောင်း အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ




**ရန်ကုန် မေ ၃၀**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီ ၃၄ မိနစ်တွင် စလင်းအားကစားကွင်း၌ မြဝတီအသင်းနှင့် ISPEအသင်းတို့ ကစားခဲ့ရာ ISPEအသင်းက ပိုမိုဖိအားပေး ကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ယဉ်လွန်းအိမ်က လည်းကောင်း၊ ပွဲချိန် ၇၅ မိနစ်နှင့် ၇၈ မိနစ်တွင် လင်းမြင့်မိုရ်က လည်းကောင်း ISPEအသင်းအတွက် သွင်းဂိုးများ သွင်းယူပေးခဲ့ပြီး သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီ ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် YREOအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း ပုံစံကောင်းရရှိနေသည့် ရန်ကုန်ယူနိုက်တက် အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၃၀ တွင် အေးအေးစိုးက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ရန်ကုန်ယူနိုက်တတ် အသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၄၀ တွင် ယွန်းဝတီလှိုင်နှင့် ပွဲချိန် ၅၃ မိနစ်တွင် ဆွေမာအောင်တို့က ရန်ကုန်ယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် မေ ၃၁ ရက် ညနေ ၄နာရီတွင် YUSC အားကစားကွင်း၌ ရေဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# MFF Basic Referee Course 2/2024 သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် MFF Basic Referee Course 2/2024 သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒိုင်ကော်မတီအဖွဲ့ဝင် ဦးထွန်းလှအောင်နှင့် ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားတွင် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ အကြံပေး ဦးဘန်နီတင်အောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်တို့က အမှာစကား အသီးသီး ပြောကြားခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါMFF Basic Referee Course 2/2024သင်တန်းကို မေ ၂၄ ရက်မှ ယနေ့ထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၈ ဦးနှင့် သင်တန်းသူ နှစ်ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**STA**

# အာဆီယံယူ-၁၆ နှင့် အာဆီယံယူ-၁၉ ပြိုင်ပွဲ မဲခွဲအပြီး၌ မြန်မာယူ-၁၆ အသင်းနှင့် ယူ-၁၉ အသင်းတို့ အုပ်စု(B)တွင် ကျရောက်

**ရန်ကုန် မေ ၃၀**

အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့်အာဆီယံယူ-၁၉ ပြိုင်ပွဲတို့အတွက်အုပ်စုမဲခွဲအပြီးတွင် မြန်မာယူ-၁၆ အသင်းနှင့် မြန်မာယူ-၁၉ အသင်းတို့ အုပ်စု(B)တွင် အသီးသီး ကျရောက်ခဲ့ကြကြောင်း သိရသည်။

အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ အင်ဒိုနီးရှားအသင်း၊ လာအိုအသင်း၊ ဖိလစ်ပိုင်အသင်းနှင့် စင်ကာပူအသင်း၊ အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ မြန်မာအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် ဘရူနိုင်းအသင်း၊ အုပ်စု(C)တွင် ထိုင်းအသင်း၊ မလေးရှားအသင်း၊ တီမောလက်စ်တေ အသင်းနှင့် ဩစတြေးလျအသင်းတို့ကျရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အလားတူ အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲအပြီးတွင် အုပ်စု(A)၌ အင်ဒိုနီးရှားအသင်း၊ တီမောလက်စ်တေအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့်ဖိလစ်ပိုင်အသင်း၊အုပ်စု(B)၌ လာအိုအသင်း၊ ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့်ဩစတြေးလျအသင်း၊ အုပ်စု(C)၌ မလေးရှားအသင်း၊ ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့်ဘရူနိုင်းအသင်းတို့ ကျရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့တွင် ဇူလိုင် ၁၇ရက်မှ ၂၉ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျန်နစ်ဆင်နာတက်ရောက်

**ပဲရစ် မေ ၃၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနှင့် ပြင်သစ်တင်းနစ်ကစားသမား ဂတ်စ်ကွက်တို့ ယနေ့တွင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာက (၆-၄၊ ၆-၂၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဂတ်စ်ကွက်သည် အိမ်ရှင်အားသာချက် ရှိသော်လည်း အကောင်းဆုံးပုံစံ ရရှိနေသည့် ဂျန်နစ်ဆင်နာကို ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရကြောင်း သိရသည်။

ဂျန်နစ်ဆင်နာသည် French Open တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါက ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကိုလွှဲပြောင်းရယူနိုင်သည့် အခြေအနေဖြစ်သောကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိသည်။

ဂျန်နစ်ဆင်နာသည် တတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမားကိုတို့ဖ်နှင့် ကစားသွားရမည်ဖြစ်သည်။

ကိုတို့ဖ်သည် ဒုတိယအဆင့်တွင် ဆွစ်ဇာလန်အဆင့်(၁)တင်းနစ်ကစားသမား ဝေါရင်ခါကို အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာသည်အကောင်းဆုံးပုံစံရနေသည့်ကိုတို့ဖ်နှင့်ယှဉ်ပြိုင်ကစားသွားရမည့်ပွဲစဉ်တွင် အနည်းငယ် ရုန်းကန်ရဖွယ်ရှိနေသလို ကြွံခိုင်မှု မပြည့်ဝသည့်အတွက် ကိုတို့ဖ်နှင့်ပွဲစဉ်တွင် ကြီးမားသည့် စိန်ခေါ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် မေ ၃၀**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပွဲစဉ်များတွင် ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးလေးယောက်တွဲပွဲစဉ်များတွင် ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား လေးယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးလေးယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **STA**

# ကျန်းမာရေးအတွက် ဆေးလိပ်ဖြတ်ကြစို့

လင်းလက်

**စိတ်အပန်းဖြေရာတွင်**

အားလပ်ချိန်များတွင် စိတ်အပန်းပြေစေရေးအတွက် မိမိနှစ်သက်ရာအလုပ်များကိုလုပ်၍ နေကြသည်မှာ လူတို့၏ဓမ္မတာပင်ဖြစ်သည်။ ပင်ပန်းနွမ်းနယ်မှုများ ခံစားရသည့်အခါ စိတ်ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ စာဖတ်ခြင်းတို့ကဲ့သို့သော စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်စေသောလုပ်ရပ်တို့ဖြင့် အားလပ်ချိန်များကို ကုန်ဆုံးစေသင့်သည်။ ခဏတာစိတ်အပန်းပြေစေရေးအတွက် စိတ်ထွက်ပေါက်တစ်ခုအနေဖြင့် ပြုလုပ်မိသည့် အချို့သောအပြုအမူများသည် ကျန်းမာရေးကိုဒုက္ခပေးနိုင်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အလုပ်ကိစ္စဆွေးနွေးတိုင်ပင်ခြင်း၊ မိသားစုဖြင့် ဘုရားသွားခြင်း၊ ပန်းခြံသွားခြင်း၊ ရုပ်ရှင်ကြည့်ခြင်း စသည့် မိမိနှင့်မိမိမိသားစုအတွက် အကျိုးရှိနိုင်မည့် စိတ်အပန်းဖြေမှုမျိုးဖြင့် အားလပ်ချိန်များကို ကုန်ဆုံးစေသင့်သည်။

ခဏတာပျော်ရွှင်စေရန် ပြုလုပ်မိတတ်သည့်အရာများတွင် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အဆိုးရွားဆုံးသောအပြုအမူပင်ဖြစ်သည်။ ကျန်းမာရေးကိုထိခိုက်စေနိုင်မည့် အခိုးအငွေ့များကိုငွေပေး၍ ရှူရှိုက်နေခြင်းပင်ဖြစ်သည်။ မြို့ပြဒေသများတွင် သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သောလေကောင်းလေသန့် ရရှိနိုင်မည့် နံနက်ခင်းအချိန်အခါများတွင် အဆုတ်အားကောင်းစေရန် လမ်းလျှောက်၍ ကြိုးစားအားထုတ်ကြသည်။ အချိန်ပေး၍ ကျန်းမာရေးအတွက် လေကောင်းလေသန့်ရှူရှိုက်ခွင့်ရရန်နှင့် ခန္ဓာကိုယ်လန်းဆန်းတက်ကြွစေရန်အတွက် ပြုလုပ်ကြခြင်းဖြစ်သည်။ မိုက်တွင်းနက်၍ စီးကရက်လက်ကြားညှပ်ကာ ခန္ဓာကိုယ်အတွက် မည်သည့်နည်းနှင့်မျှ ကောင်းကျိုးမပြုနိုင်သည့် အခိုးအငွေ့များကို ရှူရှိုက်နေကြသူများကလည်း အနမတဂ္ဂ။

**အပျော်ဆိုသော်လည်း**

ဆေးလိပ်သောက်တတ်ကြသူအများစုမှာ ငယ်ရွယ်စဉ်က ဆေးလိပ်ကိုအပျော်သဘော၊ လက်တည့်စမ်းသည့်သဘောဖြင့် သောက်သုံးမိရာမှ မသောက်ရမနေနိုင်ဘဲ စွဲလမ်းသွားရသည်ကများသည်။ စိတ်ပင်ပန်းမှုပြေပျောက်စေရေးအတွက် ဆေးလိပ်သောက်သုံးသူများထက် ခံတွင်းချဉ်ပြေစေရုံသက်သက်သောက်ကြသူများကသာများသည်။ နံနက်ခင်း အစအိပ်ရာမှ နိုးထသည့်အချိန်တွင် မျက်နှာသစ်ရန်သတိမရ ဆေးလိပ်ရှာသောက်ရ၊ နံနက်စာစားပြီးသည့်အချိန်တွင် ခံတွင်းချဉ်ပြေစေရန် သောက်ရ၊ အလုပ်သို့ထွက်ခွာသည့်အချိန်တွင်လည်း ဆေးလိပ်က လက်ကြားကမချ၊ နေ့လယ်စာစားပြီးသည့်အချိန်တွင်လည်း ဆေးလိပ်သောက်ရ၊ သက်ဆိုင်ရာလုပ်ငန်းခွင်မှ အိမ်သို့ပြန်သည့် လမ်းခရီးတွင်လည်း ဆေးလိပ်သောက်ရ၊ ညစာစားပြီးသည့်အချိန်တွင်လည်း ဆေးလိပ်သောက်ရ စသည်ဖြင့် အားလပ်သည့်အချိန်တိုင်းလိုလို ဆေးလိပ်သောက်ကြသူများကို တွေ့ရသည်။

မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများနှင့် တွေ့သည့်အချိန်တွင်လည်း ဆေးလိပ်သောက်လေ့ရှိကြသည်။ ဆေးလိပ်သောက်သုံးသူများပြားလာသည့်အချိန်တွင် ဆေးလိပ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးထိခိုက်မှုများကို ကျန်းမာရေးအသိပညာပေးဆောင်ရွက်နေသကဲ့သို့ အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်သုံးခွင့်များကို ပိတ်ပင်တားဆီးလာကြသည်။ ဆေးလိပ်သောက်သုံးခြင်းဖြင့် ကိုယ်တိုင် ကျန်းမာရေးထိခိုက်စေနိုင်သကဲ့သို့ မိမိအနီးပတ်ဝန်းကျင်ရှိသူများကိုပါ ထိခိုက်စေနိုင်သည်။ မိမိပတ်ဝန်းကျင်မှ တစ်ဆင့်ခံသောက်သုံးသူများအဖြစ် မဆီမဆိုင် ထိခိုက်လာနိုင်သည့်အတွက် ဆေးလိပ်မသောက်သုံးရနေရာများကိုသတ်မှတ်တားမြစ်လာကြခြင်းဖြစ်သည်။

**ဆိုးကျိုးကပို**

ဆေးလိပ်သည် လိုသလောက် အလကားရနိုင်သော ကုန်ပစ္စည်းတစ်ခုမဟုတ်သဖြင့် ဆေးလိပ်သောက်သုံးခြင်းဖြင့် ပထမဦးစွာမိမိအိတ်ကပ်အတွင်းမှငွေကိုသုံးလိုက်ရသည်။ ဆေးလိပ်တွင် ပါဝင်သောနီကိုတင်းသည် ခံတွင်းရှင်းသလိုလို၊ စိတ်ကြည်လင်လန်းဆန်းစေသလိုလို ခဏတာခံစားစေနိုင်သော်လည်း နောက်ပိုင်းတွင် ခံတွင်းအရသာခံစားမှုကိုထိခိုက်စေပြီး ပုံမှန်အစားစားချင်စိတ်ကိုပါ လျော့နည်းစေနိုင်သည်။ ခံတွင်းရှင်းသယောင်ယောင်ခံစားရစေသည့် နီကိုတင်းသည် အသက်ရှူလမ်းကြောင်းအတွင်းသို့ ချင်းနင်းဝင်ရောက်သွားသည့်အခါ မလိုလားအပ်သောရောဂါအမျိုးမျိုးကို ခံစားရစေသည်။

**ငွေပေး၍ အရှယ်အိုဆေးမစားသင့်**

ဆေးလိပ်တွင် ပါဝင်သောအဆိပ်အတောက်များက ဆေးလိပ်ကိုစတင်ထိတွေ့ရသည့် လက်ချောင်းကလေးများရှိ လက်သည်းခွံကလေးများအတွင်း မှိုရောဂါစွဲကပ်ခြင်းများဖြစ်စေပြီး လက်သည်း၊ ခြေသည်းများပျက်စီးခြင်းကိုဖြစ်ပေါ်စေသည်။ နီကိုတင်းသည် အရေပြားအတွင်းသို့ သွေးလည်ပတ်မှုကို ထိခိုက်စေပြီး အရေပြားအတွက် လိုအပ်သည့် အာဟာရဓာတ်များကိုပျက်စီးစေသည့်အခါ အရေပြားကင်ဆာထိဖြစ်စေသည်။ ပုံမှန်ဆေးလိပ်သောက်သုံးသူတစ်ဦး၏ နှုတ်ခမ်းများသည် ပြာနှမ်းနှမ်းဖြစ်နေတတ်ပြီး

❖ ရှူသွင်းလိုက်သည့် ဆေးလိပ်ငွေ့တွင်ပါဝင်သောအဆိပ်အတောက်များသည် အဆုတ်ကို ဒုက္ခပေးပြီး အဆုတ်ရောင်ရောဂါမှ အစပြု၍ အဆုတ်ကင်ဆာထိ ဖြစ်ပွားနိုင်သည်။ သွေးလေလည်ပတ်မှုကို ကမောက်ကမ ဖြစ်စေပြီး သွေးအတွင်း အဆီဓာတ်များခြင်း၊ သွေးကြောပိတ်ခြင်းတို့မှ အစပြု၍ နှလုံးသွေးကြောများကိုပါ ထိခိုက်စေကာ နှလုံးရောဂါအမျိုးမျိုးကိုပါ ခံစားရစေနိုင်သည်။ ဆေးလိပ်ငွေ့တွင်ပါဝင်သောအဆိပ်အတောက်များသည် အဆုတ်နှင့် နှလုံးကို ထိခိုက်စေနိုင်ရုံသာမက ထိုဝင်ရောက်သည့် လမ်းကြောင်းတစ်လျှောက်တွင်ရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း ထိခိုက်စေသည်။ ❖

ရှူသွင်းလိုက်သည့် ဆေးလိပ်ငွေ့တွင် ပါဝင်သောအဆိပ်အတောက်များသည် အဆုတ်ကိုဒုက္ခပေးပြီး အဆုတ်ရောင်ရောဂါမှ အစပြု၍ အဆုတ်ကင်ဆာထိ ဖြစ်ပွားနိုင်သည်။ သွေးလေလည်ပတ်မှုကို ကမောက်ကမဖြစ်စေပြီး သွေးအတွင်းအဆီဓာတ်များခြင်း၊ သွေးကြောပိတ်ခြင်းတို့မှအစပြု၍ နှလုံးသွေးကြောများကိုပါထိခိုက်စေကာ နှလုံးရောဂါအမျိုးမျိုးကိုပါ ခံစားရစေနိုင်သည်။ ဆေးလိပ်ငွေ့တွင် ပါဝင်သော အဆိပ်အတောက်များသည် အဆုတ်နှင့် နှလုံးကို ထိခိုက်စေနိုင်ရုံသာမက ထိုဝင်ရောက်သည့် လမ်းကြောင်းတစ်လျှောက်တွင်ရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း ထိခိုက်စေသည်။

ကိုယ်တိုင် ဆေးလိပ်သောက်သုံးသူ သို့မဟုတ် တစ်ဆင့်ခံဆေးလိပ်သောက်သုံးသူသည် ကိုယ်ဝန်ဆောင်မိခင်ဖြစ်နေပြီဆိုပါက ပို၍ပင် ဆိုးကျိုးများသည်။ ကိုယ်ဝန်ဆောင်မိခင်ကိုယ်တိုင်ပင် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့ရနိုင်သကဲ့သို့ ရင်သွေးငယ် မွေးဖွားလာသည့် အချိန်တွင်လည်း ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ မသန်စွမ်းခြင်းစသည့် ဆိုးကျိုးများကိုခံစားရနိုင်သည်။ အရွယ်ရောက်ပြီးသူများအတွက် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းက အသက်ပေးရသည်ထိ ဖြစ်နိုင်သည်ဟု ဆိုပါလျှင် အရွယ်မရောက်သေးသည့် ကလေးငယ်များအတွက် ဆိုဖွယ်ရာပင်မရှိပေ။ ကိုယ်တိုင် ဆေးလိပ်မဖြတ်နိုင်သေး၍ သောက်နေသေးသည်ဟု ဆိုပါလျှင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအနီးတွင် သောက်သုံးခြင်းလုံးဝမပြုမိစေရန် တောင်းဆိုလိုသည်။

ခန္ဓာကိုယ်အရေပြားများက စိုပြည်လန်းဆန်းမှုကို မပေးအပ်နိုင်သည့်အခါ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကိုဖြစ်စေသည်။

အရေပြားမှတစ်ဆင့် ပြန်လည်စွန့်ထုတ်လိုက်သည့်ခန္ဓာကိုယ်အတွက် မလိုအပ်သည့် အညစ်အကြေးများနှင့်အတူရော၍ ပါလာသောနီကိုတင်းသည် ဆိုးရွားသောအနံ့အသက်ရှိပေရာ ဆေးလိပ်သောက်သုံးသူများ၏ အဝတ်အထည်များထိ အနံ့စွဲကပ်နေတတ်သည်။ ဦးခေါင်းအထက် ဦးရေပြားမှတစ်ဆင့် ပြန်၍ထွက်ရသောနီကိုတင်းဓာတ်သည်ကား နက်မှောင်သန်စွမ်းသောဆံပင်များကို အရောင်မွဲမွဲကျိုးတိုးကျဲတဲဖြစ်စေကာ မျိုးရိုးဗီဇမရှိဘဲ ထိပ်ပြောင်ရသည်ကား အရုပ်ဆိုးလွန်းသည်။ ခဏတာစိတ်ပျော်ရွှင်စေရန်သောက်မိသောဆေးလိပ်သည် မိမိအိတ်ကပ်အတွင်းမှ ငွေတချို့နှင့်အတူ မိမိ၏ နုပျိုလန်းဆန်းခြင်းတို့ကိုပါယူဆောင်သွားပြီးအိုမင်းရင့်ရော်ခြင်းတို့ကိုသာပေးအပ်သဖြင့် ဆင်ခြင်အပ်သည်။

**ရှန်းထွက်ဖို့သင့်ပြီ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်များအရ ဆေးလိပ်တွင်ပါဝင်သော နီကိုတင်းသည် နှလုံးသွေးကြောရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပေါ်စေနိုင်ပြီး ကင်ဆာရောဂါအမျိုးအစား ၂၀ ကျော်နှင့် အခြားသောကျန်းမာရေးထိခိုက်မှုများကိုပါဖြစ်စေကာ နှစ်စဉ်လူဦးရေ ရှစ်သန်းခန့် အသက်ဆုံးရှုံးနေရသည်။ ကိုယ်တိုင်သောက်သုံးသူများကို ကျန်းမာရေးဆိုင်ရာဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသကဲ့သို့ ဆေးလိပ်ငွေ့ရှူရှိုက်မိသည့် တစ်ဆင့်ခံသောက်သုံးသူများကိုလည်း ထိခိုက်စေနိုင်သည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် အခြားသူများသောက်သုံးရာမှ လေထုအတွင်းပျံ့နှံ့နေသည့် ဆေးလိပ်ငွေ့များကိုရှူရှိုက်ကာ တစ်ဆင့်ခံသောက်သုံးသူဖြစ်နေရသူ ၁ ဒသမ ၂ သန်းခန့်နှင့် ကလေးသူငယ် ၆၅၀၀၀ ခန့်တို့သည် အပြစ်မရှိဘဲသေဆုံးနေရသည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးသူ ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး နှစ်စဉ်ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ဖြစ်ပေါ်လာရသည့် အစိုးရများ၏ အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံခန့်ရှိပြီး ကမ္ဘာ့ဂျီဒီပီ၏ ၁ ဒသမ ၈ ရာခိုင်နှုန်းခန့် ရှိသည်ဟု သိရသည်။ ၂၀၁၈ ခုနှစ်မှ ဆောင်ရွက်ခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကိုလေ့လာသည့်သုတေသနအရ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ်လူဦးရေ ၆၄၀၀၀ ခန့် အသက်ဆုံးရှုံးနေရပြီး စီးပွားရေးအရ နှစ်စဉ်ဆုံးရှုံးမှုတန်ဖိုးသည် ငွေကျပ် ၂ ဒသမ ၆ ထရီလီယံနှင့် ညီမျှသည်ဟု သိရသည်။ World Adlas Website တွင် ဖော်ပြထားသည့် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ၄၅ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိသည်ဟု သိရသည်။

**အနာဂတ်အတွက်ဆေးလိပ်ဖြတ်ကြပါစို့**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား လူငယ် ၃၈ သန်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို သောက်သုံးနေကြပြီး သုံးပုံ နှစ်ပုံခန့်သည် စီးကရက်တစ်လိပ်ကို စမ်းသပ်သောက်သုံးမိရာက ဆေးလိပ်စွဲသူလူငယ်များဖြစ်လာသည်ဟုသိရသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ဆေးလိပ်မသောက်ရကန့်သတ်နယ်မြေများထားရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ဖြင့် ဆေးလိပ်သောက်သုံးမှုလျှော့ချရေးကို နိုင်ငံတိုင်းက အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့် ရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေးကို ရည်ရွယ်၍ နှစ်စဉ် မေ ၃၁ ရက်ကို "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"အဖြစ်သတ်မှတ်၍ ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှ စတင်၍ ကျင်းပနေကြသည်။

ဆေးလိပ်သောက်သုံးသူများတွင် လူငယ်များလည်း ပါဝင်နေသဖြင့် မျိုးဆက်သစ်လူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုမရှိစေရေး ရည်ရွယ်၍ ကုလသမဂ္ဂက ယခုနှစ် မေ ၃၁ ရက် တွင်ကျရောက်သည့် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"အထိမ်းအမှတ် အခမ်းအနားအတွက်ဆောင်ပုဒ်ကို "Protecting children from tobacco industry interference"ဟု ချမှတ်ထားခြင်းဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများရောင်းဝယ်ဖောက်ကားကြသည့် ကုမ္ပဏီများသည် ကြော်ငြာအားကောင်းကောင်းဖြင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ကိုနှိုးဆွကာ ဆေးလိပ်စွဲသည့် လူငယ်များဖြစ်စေရေးဆောင်ရွက်နေခြင်းကို တွန်းလှန်နိုင်ရေးအတွက် ထိုဆောင်ပုဒ်ကို ချမှတ်ထားသည်ဟု သိရသည်။ အနာဂတ်နိုင်ငံတော်ကိုလှုပဝေဆာအောင် ဖန်တီးပုံဖော်မည့် လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်ကိုပိုင်ဆိုင်ပြီး ကိုယ်ရောစိတ်ပါ ကျန်းမာနိုင်ရေးအတွက် ဆေးလိပ်ဘေးမှ ကင်းဝေးနိုင်ရန် ကိုယ်တိုင်ဆေးလိပ်ဖြတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဝက်ဘ်ဆိုက်၊**
- **ကျန်းမာရေးဝန်ကြီးဌာန၊ ဝက်ဘ်ဆိုက်၊**
- **https://www.worldatlas.com/**

# တောဂျပွေး ရုပ်ရှင်ဇာတ်ကား Premier Show ပြုလုပ်



**ရန်ကုန် မေ ၃၀**

တောဂျပွေး ရုပ်ရှင်ဇာတ်ကား Premier Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် မေ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နိုင်းယှဉ်မြင့်မိုရ်က ပြောပြ၍ သိရသည်။

တောဂျပွေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဓနုတ်ကိုကိုဇော်က ရေးသားထားကာ နေစိုးသော်က ဇာတ်ညွှန်းခွဲထားပြီး Lavender ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကျော်သားကြီးက တာဝန်ယူပုံဖော်ဖန်တီးထားကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်လောက်ကတည်းက ရိုက်ကူးခဲ့တဲ့ ဇာတ်ကားလဲဖြစ်ပါတယ်။ နိုင်းယှဉ်အနေနဲ့ ကိုဗစ်ကာလလောက်ကတည်းက ရိုက်ကူးရေးတွေ ရပ်နားထားခဲ့တာဆိုတော့ အခုဒီဇာတ်ကားလေး ရုံတင်တဲ့အခါမှာ ပြန်ကြည့်ဖို့ ကိုယ်တိုင်ရင်ခုန်ပါတယ်။ ဒီဇာတ်ကားလေးက ပရိသတ်တွေအတွက် ကြည့်ရတဲ့ ခဏတာလေးအတွင်းမှာ ပျော်ရွှင်စရာတွေပေးနိုင်မဲ့ ဇာတ်ကားလေးမို့ လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု သရုပ်ဆောင် နိုင်းယှဉ်မြင့်မိုရ်က ပြောသည်။

တောဂျပွေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်၊ နိုင်းယှဉ်မြင့်မိုရ်၊ ဟေမာမန်းဝင်း၊ ဇော်ဝင်းနိုင်(မန်း)၊ ညောင်ညောင်၊ ကေညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးရေး အလွမ်းသီချင်းရေးသော မောင်ကျော်ဇောနှင့် တေးသံရှင် ခင်ညွန့်ရည်တို့အား ဂီတဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် မေ ၃၀**

တေးရေး အလွမ်းသီချင်းရေးသော မောင်ကျော်ဇောနှင့် တေးသံရှင် ခင်ညွန့်ရည်တို့အား ဂီတဂုဏ်ပြုပွဲကို မေ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ M 3 Food Center တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဂီတဂုဏ်ပြုပွဲစီစဉ်သူ စာရေးဆရာ အောင်သျှံဝိုင်း (ကျိုက်မရော)က ပြောပြ၍ သိရသည်။

ဂန္ထဝင်အနုပညာရှင်နှစ်ဦးဖြစ်သည့် တေးရေး အလွမ်းသီချင်းရေးသော မောင်ကျော်ဇောနှင့် တေးသံရှင် ခင်ညွန့်ရည်တို့၏ ဂီတအနုပညာကိုဂုဏ်ပြုသည့် ဂီတဂုဏ်ပြုပွဲတွင် တေးသံရှင် ခင်ညွန့်ရည်က ဗေဒါလမ်းသီချင်းကို သမီးဖြစ်သူ တေးသံရှင် အိုပြည့်ရှင်နှင့် သီဆိုပေးခဲ့ပြီး တေးသံရှင် သဲနုဝါနှင့် မိုးမခ အလွမ်းသီချင်းကို တွဲဖက်ပြီး သီဆိုပေးခဲ့ကြောင်း၊ ထို့ပြင် အဆိုပါဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် တေးသံရှင်များဖြစ်သော မောင်သိန်းဝင်း၊ ရီရီသန့်၊ ရွှေမင်းသား၊ နှင်းရည်သန့်၊ အေးပပလှိုင်၊ အေးလွင်အောင်၊ မိုးထက်မြင့်၊ မေသက်ထားဆွေ၊ နန်းကြေ့ကလျာ၊ ချိုသံသာတို့ကလည်း တေးသီချင်းများကို သီဆိုဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။

"ကျန်းမာရေးမကောင်းလို့ ဆေးကုသမှုခံယူနေတဲ့ အနုပညာရှင် မောင်နမ နှစ်ယောက်အတွက် ကျွန်တော်နဲ့ ဆရာမ မြကြာဝ်(Dr နီလာသိန်း)၊ ဆရာမဂျူးတို့ ကြိုးစားစီစဉ်တဲ့ အားထုတ်မှုလေး တစ်ခုပါ။ စာရေးဆရာ၊ ကဗျာဆရာဖြစ်တဲ့ ဆရာမောင်ကျော်ဇောက လေဖြတ်ထားတာကြာပါပြီ။ အခု အဆိုတော် ခင်ညွန့်ရည်ကလဲ အဆုတ်ကင်ဆာကို ဆေးကုသနေရပါတယ်။ ခုလို ကျန်းမာရေး မကောင်းတဲ့အပေါ်မှာ ကျန်းမာရေးစရိတ်လေး ဝိုင်းပြီးတော့ ပံ့ပိုးလို့ရအောင်ဆိုပြီး စီစဉ်ကြတယ်။ ပံ့ပိုးတဲ့ငွေကြေးကိုလဲ အပ်ကြတဲ့အခါမှာ သူတို့ရဲ့ မိတ်ဆွေတွေက သီချင်းလေးတစ်ပုဒ်ဆီ၊ နှစ်ပုဒ်ဆီဆိုပြီးတော့ သူတို့ကို အားပေးကြတာပါ"ဟု စာရေးဆရာ အောင်သျှံဝိုင်း(ကျိုက်မရော)က ပြောသည်။



အဆိုပါဂုဏ်ပြုပွဲတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် တေးသံရှင် မိုးထက်မြင့်က တေးရေး မောင်ကျော်ဇော၏ ကိုယ်ရေးရာဇဝင်ကို ဖတ်ကြားခဲ့ပြီး တေးသံရှင် ခင်ညွန့်ရည်၏ ကိုယ်ရေးရာဇဝင်ကို တေးသံရှင် မေသက်ထားဆွေက ဖတ်ကြားခဲ့ကြောင်း၊ အဆိုပါဂုဏ်ပြုပွဲတွင် တေးရေး အလွမ်းသီချင်းရေးသော မောင်ကျော်ဇောနှင့် တေးသံရှင် ခင်ညွန့်ရည်တို့အား တက်ရောက်အားပေးကြသည့် မိတ်ဆွေများက ဝိုင်းဝန်းပံ့ပိုးသည့် ငွေကျပ် ၆၆ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ASH

# ဗီယက်နမ်လက်မှုအနုပညာပြပွဲ ၂၀၂၄ အတွက် မြန်မာနိုင်ငံမှ လက်မှုအနုပညာလုပ်ငန်းရှင်များ ဖိတ်ခေါ်

**ရန်ကုန် မေ ၃၀**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပမည့် ဗီယက်နမ်လက်မှုအနုပညာပြပွဲ ၂၀၂၄ အတွက် မြန်မာနိုင်ငံမှ လက်မှုအနုပညာလုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဇော်က ပြောပြ၍ သိရသည်။

ဗီယက်နမ်လက်မှုအနုပညာပြပွဲ ၂၀၂၄ ကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Sky Expo Center တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဗီယက်နမ်လက်မှုအနုပညာပြပွဲသို့ မြန်မာနိုင်ငံမှ လက်မှုအနုပညာဆိုင်ရာ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရန် Vietnam Handicraft Exporter Association (VIETCRAFT) မှ ဖိတ်ကြားထားကြောင်း သိရသည်။

"ဗီယက်နမ်လက်မှုအနုပညာပြပွဲ ၂၀၂၄ မှာအိမ်တွင်းအလှဆင်ခြင်းနဲ့ ဆိုင်တဲ့လက်မှုအနုပညာပစ္စည်းတွေ၊ ပရိဘောဂပစ္စည်းတွေ၊ အိမ်သုံးအလှဆင်ပစ္စည်းတွေ သိုလှောင်ထိန်းသိမ်းမှုနဲ့ဆိုင်တဲ့ ပစ္စည်းတွေ၊ အထည်အလိပ်နဲ့ ပန်းထိုး၊ သားရေအိတ်၊ ပန်းပုရုပ်၊ စာရေးကိရိယာ၊ တိုင်းရင်းသား ရိုးရာပစ္စည်းတွေ၊ အမှတ်တရ လက်ဆောင်ပစ္စည်းတွေကို ပြသရောင်းချမဲ့ ပြခန်းပေါင်း ၁၆၀၀ ကျော်ပါရှိမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက အမှတ်တရ လက်ဆောင်ပစ္စည်း ထုတ်လုပ်သူတွေ လက်မှုအနုပညာထုတ်ကုန် ထုတ်လုပ်သူတွေကို တက်ရောက်ကြဖို့ Vietnam Handicraft Exporter Association (VIETCRAFT)က ဖိတ်ကြားထားပါတယ်"ဟု ဦးတင့်ဇော်က ပြောသည်။

အဆိုပါပြပွဲသို့ အမေရိကန်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်တို့ကဲ့သို့ နိုင်ငံတကာမှလက်မှုအနုပညာထုတ်ကုန်နယ်ပယ်မှ စီးပွားရေးလုပ်ငန်းရှင်များအပြင် ဗီယက်နမ်နိုင်ငံမှလည်း စီးပွားရေးလုပ်ငန်းရှင်ဦးရေ ၃၀၀၀ ကျော် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Monsanta ဖြစ်ရပ်မှန်ဇာတ်ကားကို Netflix ကုမ္ပဏီ တာဝန်ယူဖြန့်ချိမည်

**နယူးယောက် မေ ၃၀**

Netflix ရုပ်ရှင်ကုမ္ပဏီသည် Monsanta အမည်ရှိ ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားသစ်ကို တာဝန်ယူဖြန့်ချိမည်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

Monsanta ဇာတ်ကားတွင် မင်းသား ဂလန့်ပိုဝဲနှင့် အန်သိုနီမက်ကီးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Monsanta ဇာတ်ကားသည် လူငယ်ရှေ့နေတစ်ဦးက အမေရိကန် ဓာတုပစ္စည်းကုမ္ပဏီကြီးဖြစ်သည့် Monsanta ကို ဥပဒေကြောင်းအရ ရင်ဆိုင်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဖြစ်ရန်မှန်ဇာတ်ကားဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားတွင် မင်းသား ဂလန့်ပိုဝဲက အဓိကဇာတ်ကောင် လူငယ်ရှေ့နေ ဘရန့်ဝစ္စနာအဖြစ် သရုပ်ဆောင်ထားသည်။

Monsanta ဇာတ်ကားကို The Blind Side ဒါရိုက်တာ ဂျွန်လီဟန်းကော့က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Monsanta ဇာတ်ကား ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ဒုတိယကမ္ဘာစစ်နောက်ခံ Fuze ဇာတ်ကား၌ မင်းသား သီအိုဂျိမ်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၃၀**

ဒုတိယကမ္ဘာစစ်ခေတ် အနုကြမ်းစီးမှုနောက်ခံ ဇာတ်ကားသစ်ဖြစ်သော Fuze ဇာတ်ကား၌ မင်းသား သီအိုဂျိမ်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

Fuze ဇာတ်ကားတွင် မင်းသား သီအိုဂျိမ်းအနေဖြင့် မင်းသား အေရွန်တေလာဂျွန်ဆင်နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Fuze ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်မက်ကင်ဇီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကို ဇာတ်အိမ်နောက်ခံထား၍ ရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ဒေးဗစ်မက်ကင်ဇီသည် Hell or High Water ဇာတ်ကားနှင့် Under The Banner of Heaven ဇာတ်ကားများကို တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Fuze ဇာတ်ကား၌ မင်းသား သီအိုဂျိမ်းနှင့် မင်းသား အေရွန်တေလာဂျွန်ဆင်တို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း သိရသည်။

Fuze ဇာတ်ကားကို ယခုနှစ် ဇူလိုင်လအတွင်း စတင်ရိုက်ကူးမည်ဖြစ်ပြီး ရုံတင်မည့်ရက်ကိုမူ ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Collective efforts for PyinOoLwin beautifying and development will enhance its existing characteristics


Senior General Min Aung Hlaing meets departmental staff from PyinOoLwin District.

**Nay Pyi Taw May 30**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met departmental personnel of PyinOoLwin township and district at the meeting hall of National Landmark Gardens in PyinOoLwin in Mandalay Region this morning, and discussed beautifying and development of PyinOoLwin and extension of coffee sown acreage.

Present together with the Senior General were union ministers U Min Naung, U Khin Maung Yi, and Dr Thet Khaing Win, Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief, the Central Command commander, and officials.

**Need to restore national environment**

In his address, the Senior General said PyinOoLwin has existed since many years ago and it has many historical buildings. The town is praised as the mountain resort, flower city and mountain stairways. So, the town must have the said characteristics. It was constantly visited by local and foreign tourists. The number of visitors fell during the Covid-19 epidemic, but now the number has increased again. It is required to satisfy the visitors who wish to enjoy its beauty with peace and happiness. PyinOoLwin once was a cool place and climate change has increased its temperatures. Change in the natural environment is also caused by human activities. Hence, man has the responsibility to restore it.

Once, in the past, lakes in National Kandawgyi Gardens dried up due to various reasons including dwindling water resources, loss of natural springs, rise in temperatures in the area, decrease in water flow of inlets. The government inspected inlets, springs, underground drains, and conducted necessary restoration and conservation. Hence, inlets are now providing an adequate amount of water into the lakes. It is the act of humans. Hence, all should make necessary maintenance and conservation activities for re-greening the PyinOoLwin region.

Reforestation must be done to restore forests that were depleted for various reasons. Climate will improve and the natural environment will be green again only if local-friendly tree species are cultivated. Public awareness campaigns must be launched for the ward dwellers to grow trees as necessary in accord with the rules. As tree-growing helps conserve nature, tree planting must be encouraged in PyinOoLwin.

**Land use must be according to rules**

Officials must regulate rules of land use to stop misuse of land permitted in accord with the land use law for agriculture. Officials at all levels should take supervisory action against violation of law and rules in land use. Forest depletion and environmental degradation is caused by weak management. Reforestation must be done in areas that lost their forest. This program must be carried out in other regional towns apart from PyinOoLwin. Rivers and streams will become normal if forests and climate can be restored. If they become normal they can be harnessed to generate electricity.

**Promote coffee cultivation**

Coffee plan was launched over 20 years ago. Regulation of rules is required in land use. Official supervision is required for the success of coffee plantations. Building of homes on land permitted for coffee has hurt the business. Action was taken against some of the coffee plantations for breaking the rules. The quality of Myanmar coffee is high. So coffee must be produced on a commercial scale by increasing quality coffee raw materials and increasing sown acreage. If coffee can be exported as finished goods rather than raw materials it will be much beneficial to the economy. Hence, the PyinOoLwin region should develop its coffee production.

**Education improvement, beautifying and development of PyinOoLwin**

PyinOoLwin must be developed as a tourism city, resort city and healthcare city as it has fresh air and favourable weather. The town already has a good reputation in education. Its fine weather is supportive of education. In this regard, education promotion activities must be carried out. Hence, public schools must observe the rules, and pass rate is not the only issue that matters, they must be the centres that teach students to become truly educated.

Cleanliness and pleasantness must be prioritized as it is a tourism city. The town must have a clean environment where sanitation is carried out by every individual and home. Departmental officials should beautify the town by systematically maintaining their offices, departments, bridges and structures. It should be a garbage free town where a proper drainage system is ensured. Town beautifying plan must be drawn from the viewpoint of Engineering Philosophy.

The Senior General said he has exerted extra impetus encouraging the greening activities nationwide, and visited some townships in Yangon and Bagan Ancient Cultural Zone that face floods due to heavy rains during the last year's rainy season and

*See Page 13*


Senior General Min Aung Hlaing inspects preparations in the Kandawgyi Garden.


Senior General Min Aung Hlaing presents gift to a patient.



Senior General Min Aung Hlaing presents gift to a patient.


Senior General Min Aung Hlaing hears report on the site chosen for new hospital construction.

*From Page 12*

gave necessary directives. So, the level of floods is low this year.

It is necessary to cooperate for the pleasantness of PyinOoLwin. In planting trees, it is necessary to conserve original flower species of the town in line with its attribute "Flower City". It is also necessary to urge people to plant flowering plants in residential quarters and compounds. Concerted efforts must be made to make the town match up with its natural attributes such as Cherry City, Flower City and the City of Terraces. Residents are urged to make concerted efforts for the pleasantness of the town consciously.

As there are favourable conditions to manufacture dairy products in PyinOoLwin, efforts must be made for development of manufacturing dairy products. If such efforts can be made, imports of dairy products from other countries can be reduced enormously. The government is ready to offer necessary assistance but individuals are required to take necessary measures by themselves. If manufacturing dairy products can be boosted, it will contribute much to the country in some way or another. PyinOoLwin is a town with many attributes and if further efforts can be made to improve the conditions of the town, its image will improve.

**Efforts for coffee cultivation and urban development reported**

Then, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on cultivation of coffee, action taken against coffee plantations that violate rules and regulations in the project area, plans to expand coffee cultivation, formation of the coffee project supervisory committee and distribution of coffee seedling while Union Minister for Natural Resources and Environmental Conservation U Khin Maung Yi reported to the Senior General on transferring coffee plantations that violated rules and regulations in the project area to the Ministry of Agriculture, Livestock and Irrigation after taking action in accordance with the law. Union Minister for Health Dr Thet Khaing Win reported to the Senior General on allocation of land for facilities to make PyinOoLwin a city of health and Chief Minister U Myo Aung of Mandalay Region reported to the Senior General on salient points of PyinOoLwin District, measures taken in respective sectors for development of the town, school admission and schooling in the previous academic year in townships in the region, plans for urban construction and development in the town, development of an agriculture and livestock breeding zone and construction of production roads, efforts made for streamlining water flow in Gelong Creek in PyinOoLwin. Development Affairs Minister Mayor U Kyaw San reported to the Senior General on measures being taken for greening and pleasantness of the town.

After hearing the reports, the Senior General said cultivation of coffee is a profitable business and there are some countries that mainly cultivate coffee and export it. It is necessary for the country to make progress in coffee cultivation and produce coffee as a national export. Coffee farmers are required to cultivate coffee in accordance with rules and regulations. In allocating land for construction of hospitals, it is important to choose a location that has access to basic needs such as water, electricity, administration and transportation. Officials responsible for development affairs are required to make efforts to maintain roads that meet standards of them, to grow flowering plants and trees on both sides for pleasantness of the region, and to take measures for water supply and pleasantness of wards.

The purpose of the meeting is to discuss how to carry out regional development tasks for PyinOoLwin and departmental staff are required to exert efforts for development and pleasantness of the town where they are performing duties as much as possible as one's own town and region.

Then, the Senior General and party inspected the National Kandawgyi Park by car and gave necessary instructions on reports of responsible officials.

Afterward, the Senior General and party inspected the land allocated for construction of private hospitals to make PyinOoLwin a city of health and attended to the needs reported by officials.

Then, the Senior General and party proceeded to People's General Hospital in PyinOoLwin, where they were welcomed by superintendent Dr Thein Tun and health workers. The Senior General inspected the renovation of the Orthopedic and Neurology ward that was damaged by the rocket attack of terrorist insurgents at the night of 14 April and asked after the health of patients in the ward cordially one by one before giving assistance to them.

Then, the Senior General inspected wards and clinics in the hospital and gave instructions on cleanliness, maintenance of medical equipment and other needs. 100


Senior General Min Aung Hlaing inspects a hospital ward which has been repaired.

# Ye-U Township completes harvest of 18,467 acres of oil crops

**Ye-U May 30**

According to the records from the Department of Agriculture in Ye-U District, Sagaing Region, the harvesting of 18,467 acres of oil crops planted during the winter season in Ye-U Township has been completed.

For the 2023-2024 winter crop season, the harvested oil crops in Ye-U Township include 10,248 acres of peanuts, yielding 72.16 baskets per acre; 4,521 acres of sesame, yielding 13.90 baskets per acre; and 3,698 acres of sunflower, yielding 27.75 baskets per acre.

District Agriculture Department Head Zaw Myint Htun stated, "In Ye-U Township, a total of 18,467 acres of oil crops were planted during the winter season. Currently, all the crops have been fully harvested. We were able to plant more than the planned acreage, contributing to the sufficiency and development of edible oils."

For the 2023-2024 winter crop season, a plan was set to plant 18,350 acres of oil crops in Ye-U Township. Planting began in October 2023 and continued through December. The planted areas include 10,248 acres of peanuts, 4,521 acres of sesame, and 3,698 acres of sunflower, totaling 18,467 acres.

Additionally, for the 2023-2024 monsoon crop season, a plan was set to plant 12,020 acres of oil crops in Ye-U Township. Planting started in May 2023 and continued through September. The planted areas include 11,067 acres of monsoon peanuts and 2,994 acres of monsoon sesame.

206

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing gives guidance to senior officer instructors, senior officer lectures, experienced mentors, permanent officers, trainees and cadets



Senior General Min Aung Hlaing meets instructors, lecturers, mentors and cadets from DSA.

**Nay Pyi Taw May 30**

Instructors must give systematic military and literary training plus their experiences to junior officers and cadets to turn out future leaders with firm spirit on whom the State, Tatmadaw and people rely, and junior officer trainees, cadets have to conduct learning with firm spirit to benefit the State and Tatmadaw, said Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at the meeting with senior officer instructors, senior officer lectures, experienced mentors, permanent officers, female and male trainees and cadets at the convocation hall of Defence Services Academy this morning.

Also present at the meeting were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, senior military officers from the Office of the Commander-in-Chief, the commander of Central Command, officials from PyinOoLwin Station, the commandant of DSA, senior officer instructors, senior officer lectures, experienced mentors, permanent officers, female and male trainees and cadets.

**Progress of political landscape of the State**

First, the Senior General explained that occurrences of voting frauds in the 2020 multiparty democracy general election, political declaration of the State of emergency and serving State responsibilities by Tatmadaw due to lack of solving voting frauds, difficulties in outbreak of Covid-19 at a time the State Administration Council has been serving State responsibilities, armed terror acts and subversive acts of those unwilling to see peace and stability of the State showing political condition, participation of some service personnel in CDM movements due to instigations, and evdeavours of the State to develop overall development of political, economic and social sectors aid various difficulties and efforts to forge peace and stability by adopting policies and objectives.

**Each trainee must be trained to have physical and mental capacity with health and fitness**

The Senior General continued that Defence Services Academy is primarily giving training to cadets to be able to turn out qualified officers with physical and mental capacity for the Tatmadaw (Army, Navy and Air). Training is being given to trainees in relevant terms for improvement of physical and mental strengthening. Trainees have to follow the trainees with firm comcepts to improve their physical and mental strengthening. Instructors have to give training with their literary knowledge and life experiences to the trainees to have firm spirits, capabilities and self-confidence to be able to achieve success in their lives. Trainees have to deeply follow trainees of instructors and apply them along their lifespans with self-reliance and self-confidence.

**Individuals have to abide by 16 characteristics of leadership skills under disciplines**

Tatmadaw has set 16 leadership characteristics and all have to follow them. Leaders need to abide by relevant rules and regulations to control themselves. They have to observe necessary issues for serving the interests of subordinates and improving socioeconomic life.

Discipline is the backbone of the Tatmadaw, and only with individual good discipline can the entire organization function well. Therefore, it is necessary for the current trainees to cultivate good habits of living and working in a disciplined manner from this stage and to practice and apply these habits throughout their lives. It is essential to act with strict discipline and good obedience, to live with self-control, and to carry out their duties efficiently. To defend the nation, it is crucial to perform one's responsibilities diligently.

**To shape and build a future society rich in knowledge**

Furthermore, it is necessary for each individual to acquire education and be enriched with knowledge for the improvement and advancement of their social lives. Our country still has many needs to strengthen and enhance education, thus efforts are continuously being made to promote education. Additionally, the establishment of libraries to support education and ensuring the proper functioning of these libraries are prioritized by the state. Instructors and students need to read and not just read, but also remember and retain the knowledge to become well-informed individuals. Reading will increase knowledge and awareness, greatly benefiting the improvement and advancement of life. By being well-informed, individuals will change and improve their way of life, thereby shaping and building a future society rich in knowledge. Therefore, collective efforts and cooperation are needed.

**Instructors need to teach and train systematically, and students also need to practice and learn with full effort**

Regarding education, it is about training and teaching someone to master a skill and ensuring they become proficient in its use. Instructors must teach and train in both practical and theoretical aspects of the subject, providing balanced instruction in both areas. Training should be conducted with strict discipline, and both instructors and students must avoid being lenient with themselves. Because instructors are already qualified and experienced, they should systematically impart their knowledge, integrating it with their practical experiences, to produce future leaders. These leaders should be thoroughly educated and able to provide effective leadership in the real world, possess strong and good character, and be future leaders whom the nation and military can rely on. Guardians assigned to each cadet based on their class and batch must also provide appropriate guidance and leadership with a sense of brotherhood or parental care, ensuring that the cadets stay on the right path in their lives.

Instructors must train and teach systematically, and students must also put in full effort in the courses they attend at their respective levels. To develop outstanding and exceptional future leaders who can be relied upon by the people and the nation, students must diligently attend and learn from the courses offered at each level from the beginning. The nation and the Tatmadaw have invested significant time and resources in nurturing and developing these courses. Therefore, students need to train and learn with full effort, maintaining discipline to ensure their personal development and meet the expectations of the nation and the Tatmadaw. Thus, the students should strive to learn diligently while maintaining discipline. Afterwards, the needs of instructors, students, and cadets were addressed and fulfilled. 100


## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံက CH-4 Rainbow ဒရုန်းသုံးစင်း ကွန်ဂိုနိုင်ငံထံ ထပ်မံရောင်းချ



တရုတ်နိုင်ငံက ကွန်ဂိုနိုင်ငံ (DRC) ထံ M23 သူပုန်များကို တိုက်ထုတ်ရန်အတွက် CH-4 Rainbow ဒရုန်းသုံးစင်း ထပ်မံရောင်းချပေးခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

M23 သူပုန်များနှင့် ရဝမ်ဒါကာကွယ်ရေးတပ်ဖွဲ့ကိုနှိမ်နင်းရန်၊ အကြမ်းဖက်တိုက်ဖျက်ရေး၊ စစ်ဆင်ရေးများကိုပံ့ပိုးရန်အတွက် အဆိုပါ အလယ်အလတ်အမြင့်ပျံလေထဲတွင် ကြာမြင့်စွာပျံသန်းနိုင်သော (MALE) ဒရုန်းများကို ကွန်ဂိုနိုင်ငံ၏ အရှေ့ဘက်ဒေသတွင် တပ်ဖြန့်ချထားသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုပေးပို့မှုအပြင် လာမည့်လများအတွင်းနောက်ထပ် သုံးစင်း ထပ်မံရောက်ရှိလာရန် မျှော်လင့်ထားကာ စုစုပေါင်းဒရုန်း ကိုးစင်း ရောက်ရှိလာမည်ဟု သိရသည်။

Cai Hong-4 ဟုလည်းလူသိများကြသော CH-4 ဒရုန်းသည် တရုတ်နိုင်ငံ China Aerospace Science and Technology Corporation (CASC) က တီထွင်ထုတ်လုပ်ထားသော မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် (UCAV) အမျိုးအစားဖြစ်သည်။ အဆိုပါဒရုန်းသည် ဈေးနှုန်းနှင့် ကန့်သတ်ချက်နည်းသော ဝယ်ယူရေးအခြေအနေများကြောင့် ဝယ်လိုအားမြင့်မားလျက်ရှိသည်။ ဤ UCAV ကို ၂၀၁၁ ခုနှစ်တွင်ထုတ်ဖော်ပြသခဲ့ပြီး ကင်းထောက်ခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ပစ်မှတ်စိစစ်ခွဲခြားဖော်ထုတ်၍ တိုက်ခိုက်ခြင်းများအပါအဝင် တာဝန်အမျိုးမျိုးအတွက် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ CH-4 ကို အဓိကအားဖြင့် အမျိုးအစားနှစ်မျိုးရနိုင်သည်။ CH-4A သည် ထောက်လှမ်းရေးဒရုန်းဖြစ်ပြီး CH-4B သည် တိုက်ခိုက်ရေးတာဝန်များအတွက် ထုတ်လုပ်ထားသည့် UCAV ဖြစ်ကြောင်း သိရသည်။

ဒရုန်းတွင် ပန်ကာသုံးခုတပ် ပစ္စတင်အင်ဂျင်ပါရှိကာ တစ်နာရီလျှင် အမြင့်ဆုံးအမြန်နှုန်း ၂၃၅ ကီလိုမီတာနှင့် အများဆုံးလေထဲ ပျံသန်းနိုင်ချိန် နာရီ ၄၀ ထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်းသည် AR-1 ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်နှင့် FT-9 ပဲ့ထိန်းဗုံးများအပါအဝင် အလေးချိန် ၃၄၅ ကီလိုဂရမ်ထိ သယ်ဆောင် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ CH-4 UCAV ကို စစ်ဆင်ရေးများတွင် နိုင်ငံအများအပြားက အသုံးပြုလျက်ရှိပြီး အထူးသဖြင့် ပဋိပက္ခဇုန်များရှိ အစိုးရဆန့်ကျင်ရေးအင်အားစုများကို တိုက်ခိုက်နှိမ်နင်းရန် အသုံးပြုခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ကွန်ဂိုအစိုးရသည် CH-4 ဒရုန်းကိုးစင်းဝယ်ယူမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး M23 သူပုန်များကို အကြမ်းဖက်နှိမ်နင်းရေးတွင် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။ ဒရုန်းသုံးစင်းပါဝင်သည့် ပထမအသုတ်ကို အစောပိုင်းတွင်ပို့ဆောင်ခဲ့ပြီး ယခုအခါ ဒုတိယသုတ်အနေဖြင့် ထပ်မံပို့ဆောင်ခဲ့ခြင်းဖြစ်ရာ ကျန်ရှိနေသေးသော သုံးစင်းကိုလည်း ယခုနှစ်နှောင်းပိုင်းတွင် အပြီးသတ်လွှဲပြောင်းပေးပို့နိုင်ရန် မျှော်မှန်းထားသည်။ ရောက်ရှိလာသည့်ဒရုန်းများကို ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ဒေသများအနီးတွင် မဟာဗျူဟာမြောက်တည်ရှိသည့် South Kavumu လေတပ်စခန်း၌ တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကွန်ဂိုစစ်ဘက်နှင့် M23 သူပုန်တို့ကြား တိုက်ပွဲများပြင်းထန်လာခဲ့ရာ သူပုန်များဘက်က နယ်မြေပိုင်ဆိုင်မှုအနေဖြင့် သိသာထင်ရှားစွာရရှိခဲ့ကာ ယခုအခါ လူပေါင်း ၇ ဒသမ ၁ သန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး Goma မြို့တော်အနီးတစ်ဝိုက်တွင် ယာယီစခန်းများဖြင့် နေထိုင်လျက်ရှိကြသည်။

ကွန်ဂိုနိုင်ငံရှိ M23 သူပုန်များကို သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေးများတွင် ကွန်ဂိုလက်နက်ကိုင်တပ်ဖွဲ့များနှင့်အတူ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များအပါအဝင် မကြာသေးမီလများအတွင်း စစ်ရေးအရ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ပြင်းထန်လာခဲ့သည်။ ဤတိုးမြင့်မှုသည် အထူးသဖြင့် Goma မြို့တော်နှင့် South Kivu ပြည်နယ်အနီးရှိ အရှေ့ပိုင်းဒေသများတွင် M23 သောင်းကျန်းသူများဘက်က နယ်မြေချဲ့ထွင်လာမှုကို တန်ပြန်ရန် ရည်ရွယ်သည်။

**China delivers three more CH-4 drones to support Democratic Republic of Congo to fight M23 rebels ကို ဘာသာပြန်ဆိုထားပါသည်။**

## လစ်သူရေးနီးယားနိုင်ငံက ဂျာမနီထုတ် တာလတ်ပစ် IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် စိတ်ဝင်စား

လစ်သူရေးနီးယားနိုင်ငံသည် ဂျာမနီနိုင်ငံထံမှ တာလတ်ပစ် IRIS-T လေကြောင်းရန် ကာကွယ်ရေးစနစ်များ ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း လစ်သူရေးနီးယား ကာကွယ်ရေးဝန်ကြီး Laurynas Kasciunas က ထုတ်ပြန်သွားခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံထုတ် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် အကွာအဝေး ကီလိုမီတာ ၄၀၊ အမြင့်ကီလိုမီတာ ၂၀ အတွင်းရှိ လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဒီဇိုင်းထုတ်လုပ်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ၎င်းဝယ်ယူရေးနှင့်ပတ်သက်၍ လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီး Laurynas-Kasciunas နှင့်ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistoriusသည် ပလန်ကာမြို့၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီး Laurynas Kasciunas က လစ်သူရေးနီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ဝယ်ယူမှု အလားအလာနှင့်ပတ်သက်၍ မဟာဗျူဟာမြောက်အရေးပါမှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော်လည်း လက်ရှိတွင် ဂျာမနီနိုင်ငံသည် ယူကရိန်းနိုင်ငံသို့ IRIS-T လေကြောင်းရန် ကာကွယ်ရေးစနစ်များ ပံ့ပိုးနေရသည့်အတွက် ထုတ်လုပ်မှုကန့်သတ်ချက်များဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ဂျာမနီအစိုးရအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့၏ ကာကွယ်ရေး စက်မှုလုပ်ငန်းရှင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တာလတ်ပစ် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေကြောင်းခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တန်ပြန်ကာကွယ်နိုင်ရန်အတွက် ဒီဇိုင်းထုတ်လုပ်ထားသည့် အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ထို့ပြင် IRIS-T SLMစနစ်သည် IRIS-T ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်၏ မြေပြင်အခြေစိုက်မျိုးကွဲစနစ်တစ်မျိုးလည်းဖြစ်သည်။ အဆိုပါစနစ်တွင် ခေတ်မီရေဒါစနစ်များနှင့် ဒုံးကျည်နည်းပညာများ ထည့်သွင်းအသုံးပြုထားပြီး လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ(UAVs)နှင့် ခရုဇ်ဒုံးကျည်များကဲ့သို့သောပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ကြားဖြတ်ဟန့်တားခြင်းပြုလုပ်နိုင်ကြောင်း သိရသည်။



IRIS-T SLM ဒုံးကျည်စနစ်သည် အကွာအဝေး ကီလိုမီတာ ၄၀၊ အမြင့်ကီလိုမီတာ ၂၀ အတွင်းရှိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထို့ပြင် တာဝေး၊ အမြင့်ပျံပစ်မှတ်များကို ထောက်လှမ်းနိုင်စွမ်းရှိသဖြင့် အရေးကြီးအခြေခံအဆောက်အအုံများနှင့်လူနေထူထပ်သည့်နေရာများကို ဝေဟင်ခြိမ်းခြောက်မှုအန္တရာယ်များ ထိရောက်စွာ တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည်။ လက်နက်စနစ်ရှိ ပစ်မှတ်ရှာဖွေထောက်လှမ်းရေးစနစ်သည် ပစ်မှတ်များကို လျင်မြန်စွာထောက်လှမ်းခြေရာခံနိုင်စွမ်းရှိသဖြင့် ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် မရှိမဖြစ်အရေးပါလှသည်။

လစ်သူရေးနီးယားနိုင်ငံသည် ဒေသတွင်းလုံခြုံရေးပြဿနာများ ပြောင်းလဲဖြစ်ပေါ်နေသည့်ကြားတွင် နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရန်အတွက် IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ရွေးချယ်ဝယ်ယူနိုင်ရေးအတွက် ပိုမိုအလေးထား လုပ်ဆောင်လျက်ရှိသည်။

**Lithuania Eyes Acquisition of IRIS-T Air Defence Missile System from Germany ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကျောင်းများဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီဖြစ်ရန်လိုကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲ ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးသည့် ကျောင်းများဖြစ်စေလိုကြောင်း။

ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်းရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစား တွေးခေါ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခင်နှစ်များ၌ မိုးသည်းထန်စွာရွာသွန်းစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ ကိုယ်တိုင်သွားရောက်၍ လိုအပ်သည့်လမ်းညွှန်မှုများ ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုများ လျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြင်ဦးလွင်မြို့သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ **သစ်ပင်များစိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့၏ မူလပန်းမျိုးများကို ပြန်လည်ထိန်းသိမ်းစိုက်ပျိုးသွားရန်လိုပြီး ပန်းမြို့တော်ဟူသောအမည်နှင့်ကိုက်ညီအောင် ဆောင်ရွက်သွားရန်လို**ကြောင်း၊ လူနေရပ်ကွက်များ၊ လူနေခြံများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ပန်းများစိုက်ပျိုးကြရေး တိုက်တွန်း နှိုးဆော်သွားရန်လိုကြောင်း၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ တောင်လှကားမြို့တော်ဟူသည့် သဘာဝအရပေးထားသည့် နာမည်များနှင့်ကိုက်ညီအောင် မူလအခြေအနေအတိုင်းကိုက်ညီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်တွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့နေထိုင်သည့်မြို့သာယာလှပရေးအတွက် အသိဖြင့်ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့တွင် နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရသည့် နို့ဆီ၊ နို့စိမ်း များစွာလျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကလိုအပ်သည်များ ကူညီပေးမည်ဖြစ်သကဲ့သို့ မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် နာမည်ပေါင်းများစွာ၊ ဂုဏ်ဒြပ်များရှိသည့် မြို့တစ်မြို့ဖြစ်ပြီး မိမိတို့အနေဖြင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ဦးလွင်မြို့၏ဂုဏ်ဒြပ်သည် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားရှိမှု၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှုနှင့် ကော်ဖီပျိုးပင်များ ဖြန့်ဖြူးပေးနိုင်မှုများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကော်ဖီစီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများကို ဥပဒေနှင့်အညီဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရေး အဆောက်အအုံများဆောက်လုပ်နိုင်ရန်အတွက် မြေနေရာများလျာထားရွေးချယ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်ခရိုင်ဆိုင်ရာ အချက်အလက်များနှင့် ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကျောင်းအပ်နှံမှုနှင့် ယခင်ပညာသင်နှစ်တွင် ကျောင်းတက်ရောက်ခဲ့မှုအခြေအနေများ၊ ပြင်ဦးလွင်မြို့ကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြတည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လမ်း ဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်မြို့အတွင်း ဂဲလောင်းချောင်းတည်ရှိမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့ စိမ်းလန်းသာယာလှပရေးနှင့် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ကော်ဖီသည် စီးပွားရေးအရတွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကော်ဖီကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်၏ပို့ကုန်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံတည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ မီးများရရှိရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် အလှမ်းမီသည့်နေရာဖြစ်စေရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည့်နေရာဖြစ်စေရေးတို့ကိုအခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စည်ပင်သာယာရေးတာဝန်ရှိသူများအနေဖြင့် လမ်းများ စနစ်တကျဖြစ်စေရန်နှင့် လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုပြီး လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင် ဖောက်လုပ်ရန်လိုကြောင်း၊ လမ်းဘေးဝဲယာတွင် ဒေသသာယာလှပရေးနှင့်ကိုက်ညီသည့် ပန်းအလှပင်များ၊ သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း၊ ရေရရှိရေးနှင့် ရပ်ကွက်အလိုက် သာယာလှပရေးအတွက်လည်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ယခုကဲ့သို့တွေ့ဆုံရခြင်းသည် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားရမည်ကို ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးအတွက် တတ်နိုင်သည့်ဘက်က ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့မြို့၊ မိမိတို့ဒေသအဖြစ် ခံယူ၍ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကဆေးရုံများ တည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသိန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧပြီ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက် သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အရိုးအကြောကုသဆောင်ပြင်ဆင်ထားရှိမှုနှင့် အဆိုပါကုသဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်၍ လူနာဆောင်များနှင့် လူနာခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စက်ပစ္စည်းကိရိယာများကို ကောင်းမွန်မှုရှိစေရေးအလေးထား ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများကို စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့ မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူကအားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ် . . .

## သင်တန်းသားတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စစ်တက္ကသိုလ်သည် တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများကို မွေးထုတ်ပေးနိုင်ရေး အဓိကသင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး သင်တန်းနှစ်အလိုက် သတ်မှတ်ထားသည့် လေ့ကျင့်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကို လိုက်နာလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီအလိုက် မိမိကိုယ်ကိုအားကိုးယုံကြည်သည့်စိတ်ဓာတ်များ ရရှိစေရေး၊ ကိုယ်ပိုင်အစွမ်းအစများဖြင့် အောင်မြင်သည့်ဘဝကို ဖြတ်သန်းနိုင်သော ခိုင်မာသည့်စိတ်ဓာတ်များရရှိစေရေး နည်းပြများက မိမိတို့ သင်ကြားခဲ့ရသည့် စာပေဗဟုသုတများ၊ ဘဝတစ်လျှောက် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများကို စွဲမြဲစွာမှတ်ယူ၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်ကို အားကိုးယုံကြည်သည့် စိတ်ခွန်အား၊ ခံယူချက်ကောင်းတို့ဖြင့် ဖြတ်သန်းကြရန်လိုကြောင်း။

## ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ မိမိကိုယ်ကို ချိန်ထိုး၍ လိုက်နာဆောင်ရွက်ရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ တပ်မတော်တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက် ချမှတ်ထားရှိပြီး အဆိုပါအချက်များနှင့်ချိန်ထိုး၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် လိုက်နာရန်လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကိုထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဦးဆောင်ရသည့် လက်အောက်ငယ်သားများ၏ အကျိုးကို ဖော်ဆောင်နိုင်ရေး၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့်လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ်လေ့လာနေရန် လိုကြောင်း။

စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံးကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသားများ ဘဝကတည်းကပင် မိမိကိုယ်ကို စည်းကမ်းတကျနေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံးကျင့်သုံးဆောင်ရွက်သွားကြရန်လည်း လိုကြောင်း၊ စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

## အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး

ထို့ပြင် တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝ တိုးတက်မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့် အသိပညာဗဟုသုတကြွယ်ဝရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်ချက်များရှိနေဆဲဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်မှုရှိစေရေး နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုပြီး ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကာ ဘဝတိုးတက်မြင့်မားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ **အသိပညာကြွယ်ဝခြင်းဖြင့် တစ်ဦးချင်းစီ၏ လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း။

## နည်းပြများက စနစ်တကျသင်ကြားလေ့ကျင့်ပေးရန် လိုသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ယူကြရန်လို

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ရှိကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်ပါက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန်လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ **အရည်အချင်းနှင့်ပြည့်စုံသဖြင့် နည်းပြများ ဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျသင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ **သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူကအားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့ပေးထားသည့် အုပ်ထိန်းသူ (Guardian) အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကိုအစ်မစိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့်ဦးဆောင်မှုနှင့် လမ်းညွှန်မှုများ ပေးနိုင်ရန်လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လိုကြောင်း။

နည်းပြများအနေဖြင့် ထိုကဲ့သို့လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း မိမိတို့အဆင့်အလိုက် တက်ရောက်ရသည့် သင်တန်းများတွင် ကြိုးပမ်းအားထုတ်သင်ကြားကြရန်လိုကြောင်း၊ **အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး ပြည်သူက အားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင်တက်ရောက်ချိန်မှစ၍ အဆင့်လိုက်တက်ရောက်ရသည့် သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့်ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လို**ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေး၊ နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကိုစောင့်ထိန်း၍ ပညာကိုကြိုးပမ်းသင်ကြားကြစေလိုကြောင်းဖြင့် မှာကြားပြီး နည်းပြအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပညာရေးဝန်ကြီးဌာန

# "၂၀၂၄-၂၀၂၅ ပညာသင်နှစ်" အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ချုပ်ရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်)အနုပညာ (ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိပြီး သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများ ရောက်ရှိပြီး သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် မေ ၃၀**

ရခိုင်ပြည်နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများလုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဒေသတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အမ်းခရိုင်ရှိ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများတင်ဆောင်လာပြီး အမ်း-ပဒါန်းလမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေးအရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့သို့ရောက်ရှိလာရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါမော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့ မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ ကျောင်းအပ်နှံမှုဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်ထိ သတ်မှတ်၍ ကျောင်းသား၊ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်းထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဥ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၉၅၉၂၈၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

# ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ပြည်တွင်းတွင် ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်ပြီး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု ရှိ၊မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၃၀**

ပြည်ပမှ စက်သုံးဆီသင်္ဘောများသည် ကြိုတင်စီမံထားသည့်အတိုင်း ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး Terminal အသီးသီးသို့ ချယူဖြည့်တင်းလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း၊ အရန်စက်သုံးဆီများလည်း ပါဝင်ကြောင်းနှင့် ပြည်တွင်းစက်သုံးဆီသုံးစွဲမှုအတွက် ဖူလုံမှုရှိကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီသည် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် ပေါင်းစပ်ညှိနှိုင်း၍ တစ်နိုင်ငံလုံးရှိ စက်မှုဇုန်စက်ရုံအလုပ်ရုံများ အပါအဝင် စိုက်ပျိုးရေး၊မွေးမြူရေး၊သယ်ယူပို့ဆောင်ရေး စသည့်အခြားကဏ္ဍအသီးသီးသို့လည်း လိုအပ်ချက်နှင့်အညီ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရောင်းဈေးနှုန်းကိုလည်း ထိန်းသိမ်းကြပ်မတ်လျက်ရှိသဖြင့် တည်ငြိမ်လျက်ရှိပြီး အများပြည်သူအနေဖြင့် အလွယ်တကူအဆင်ပြေချောမွေ့စွာဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်း သိရသည်။

စက်သုံးဆီအရောင်းဆိုင်များသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်းရှိ၊ မရှိ၊ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် ကိုက်ညီမှန်ကန်မှု ရှိ၊မရှိနှင့် ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၃၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၀**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးစခန်းများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း စိုက်ပျိုးမွေးမြူရေးစခန်းတွင် ကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

၎င်းနောက် စာသင်ကျောင်းခန်းမအတွင်း ကျောင်းသား၊ ကျောင်းသူများက "ကျောင်းအပ်နှံရေးနေ့" သီချင်းဖြင့် သီဆိုကာဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးလွယ်အိတ်များကို ပေးအပ်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ ကျောင်းသား" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်းအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား ဗိုလ်မှူးချုပ်ကျော်သက်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တပ်မတော်(လေ) ပိုက်ကျော်ခြင်းအသင်း၏ သရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၃ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာ

**နေပြည်တော် မေ ၃၀**

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်၊ ပါမစ်ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက်လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသောဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထား လိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်၊ ပါမစ်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် နှိုးဆော်အသိပေးကြေညာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းထုတ်ပြန်

**နေပြည်တော် မေ ၃၀**

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းကို ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၂/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးဝါးအလုံအလောက်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ် တိုးတက်အသုံးပြုမှုကို အထောက်အကူပြုနိုင်စေရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်မှုကို အချိန်တိုအတွင်း ထုတ်ယူအသုံးပြုနိုင်စေရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဆေးဝါး၊ လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရန် အထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တနင်္သာရီမြို့နယ် သိန္နောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃၀**

တနင်္သာရီမြို့နယ် သိန္နောကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ နယ်မြေခံတပ်ရင်း ဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၄ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာရှိနေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် ဒေသခံပြည်သူများလည်း ထွက်ပြေးတိမ်းရှောင်နေကြကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိန္နောကျေးရွာနှင့်အနီးဝန်းကျင်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ စိုးရိမ်ထိတ်လန့်၍ ခေတ္တတိမ်းရှောင်နေကြခြင်းဖြစ်ပြီး တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ဒေသခံပြည်သူများ၏နေအိမ်များကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာများအတွင်းသို့ ပစ်ခတ်ခြင်းများလုပ်ဆောင်လျက်ရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mg San" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက် ရပ်ကွက်နေ စန်းဝင်းဌေး(ခ)မောင်စန်းအား ည ၈ နာရီ ၁၀ မိနစ်တွင် အောင်မြေသာစံမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ သိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့် အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။


၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌ သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝက မြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# အိမ်

ပိုင်ဆု(ပညာရေး)



(၁)

"အစ်ကို ဆွေတို့ ဘယ်အချိန်ထိနေရအုံးမလဲနော်"

တုန်ယင်သောအသံဖြင့်မေးလာသော ဇနီးဖြစ်သူ၏စကားကိုဘာမှပြန်မပြောသေးဘဲ လက်ကလေးကို ညင်သာစွာဆုပ်ကိုင်လိုက်သည်။ သူ၏လက်ဖဝါးသည် နူးညံ့မှုမရှိတော့ဘဲ အရေးအကြောင်းများဖြင့် ကြမ်းတမ်းနေသော်လည်း သူ့အတွက်တော့ နွေးထွေးနေဆဲပင်ဖြစ်သည်။

"ဆွေရယ် အစ်ကိုတို့တွေ အသက် ၇၀ ကျော်ထိ နေလာခဲ့ပြီပဲ။ နေပျော်ပါပြီ။ အစ်ကိုတို့တွေ တတ်နိုင်သလောက်လဲ ကုသိုလ်တွေပြုနေတာပဲမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်အစ်ကိုရယ်။ ဒါပေမဲ့ ဒီအိမ်လေး"

စကားကိုဆက်မပြောတော့ဘဲ ငြိမ်သက်သွားသော ဇနီးဖြစ်သူကိုကြည့်ပြီး သူစိတ်မကောင်းဖြစ်မိသည်။ သူဆိုလိုချင်သောအရာကိုလည်း သူသိသည်။ ယခုနေသောအိမ်လေးသည် သူတို့နှစ်ယောက် လက်ထပ်ပြီးကတည်းက အတူနေလာခဲ့ကြသောအမှတ်တရလေးဖြစ်သည်။ သားနှင့်သမီးကိုပင် သည်အိမ်လေးမှပင် ပညာတတ်များဖြစ်စေခဲ့ပြီး အိမ်ထောင်ရက်သားကျစေခဲ့သည်။

စေတနာမှန်သော်လည်း အတိတ်ကံမကောင်းသည်ဟုပင် သတ်မှတ်ရမည်။ သားသမီးများသည် မိဘများကို သိတတ်မှုမရှိသည့်အပြင် မိဘများလာရောက်သည်ကိုပင် နှစ်သက်မှုရှိဟန်မပြကြောင်း သူတို့တွေ့ရှိခဲ့ရသည်။ ထို့ကြောင့်ပင် သူ၏ပင်စင်လစာလေးနှင့် အဘိုးကြီး၊ အဘွားကြီးလင်မယားနှစ်ယောက် အဆင်ပြေအောင်ရပ်တည်ခဲ့ကြသည်။ သားသမီးများအဆင်ပြေသည်ကိုကြားရ၍ ဝမ်းသာမိသော်လည်း မဆက်သွယ်ခဲ့ပေ။ တစ်နှစ်တစ်ခါ သီတင်းကျွတ်ရောက်၍ မြေးများနှင့်အတူလာကန်တော့မှသာ တွေ့ဖြစ်ခဲ့ကြသည်။

"ဆွေ ဒီအိမ်လေးကို အစ်ကိုတို့တွေမရှိတော့ရင် ဘယ်လိုလုပ်မှာလဲဆိုပြီး တွေးနေတာမလား"

သူအသာအယာပင်ခေါင်းညိတ်ပြသည်။ ဆံပင်ဖြူများနှင့် ပါးရည်တွန့်နေသောမျက်နှာပြင်မှာ သွားများလည်းမစုံတော့သော်လည်း သူ့အတွက်တော့ သူသည် ယနေ့ထိတိုင် ကြည့်ကောင်းနေဆဲပင်ဖြစ်သည်။

"စိတ်မပူပါနဲ့ဆွေ အစ်ကိုစီစဉ်ထားပါတယ်"

(၂)

အသက်ရလာကြတော့ ဖွယ်ဖွယ်ရာရာဟင်းများလည်း တပ်မက်မှုမရှိတော့ပေ။ ငါးပိထောင်းလေးနှင့်ဘူးရွက်အညွန့်ကို ဟင်းချိုလေးချက်ပြီးစားရသည့် ညနေစာကပင် မြိန်လွန်းလှသည်ဟုဆိုရမည်။ ထမင်းစားပြီးသည်နှင့် လင်မယားနှစ်ယောက် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး ထွေရာလေးပါးစကားပြောဖြစ်ခဲ့ကြသည်။

"အစ်ကို ဒီအိမ်လေး သားနဲ့သမီးကို တစ်ဝက်စီခွဲပေးလိုက်ကြမလားဟင်"

ဇနီးဖြစ်သူ၏စကားကြောင့် သူပြုံးမိသည်။ သားနှင့်သမီးအပေါ် မေတ္တာမပျက်သော်လည်း အိမ်ကိုတော့ အမွေအဖြစ်ပေးလိုသည့်ဆန္ဒ သူ့တွင်မရှိပေ။

"ဆွေ သားနဲ့သမီးက အစ်ကိုတို့ကိုမခင်တွယ်သလို ဒီအိမ်လေးကို ခင်တွယ်တာမှမဟုတ်တာ။ ဒီအိမ်လေးကို သူတို့အတွက်ပေးလိုက်မယ်ဆိုရင် သူတို့တွေ ကျေနပ်မယ်မထင်ပါဘူးကွာ"

"အစ်ကိုပြောတာလဲ ဟုတ်ပါတယ်။ ဆွေတို့လဲ သားနဲ့သမီးအပေါ် မေတ္တာအပြည့်ထားခဲ့ပေမဲ့ မေတ္တာတွေပြန်မရဘူးနော်။ ဆွေတို့တွေလာရင်တောင် သူတို့တွေက ရှက်နေသလိုလိုနဲ့ မကြိုက်ကြဘူးလေ"

"အတိတ်ကံတွေကြောင့်ပေါ့။ ဒီဘဝမှာ ဘယ်လောက်ပဲမေတ္တာမှန်နေပါစေ လက်ငင်းအကျိုးမပေးသေးဘူးဆိုတာလဲ အစ်ကိုတို့တွေ အရင်ဘဝက မိဘတွေအပေါ် ဘယ်လောက်များမသိတတ်ခဲ့လဲဆိုတာ သိမှမသိနိုင်တာ။ ဒီဘဝရဲ့ ကုသိုလ်အကျိုးတွေကတော့ တစ်ချိန်မဟုတ်တစ်ချိန် အကျိုးပေးမှာပါ ဆွေရယ်"

"ဒါဆိုဒီအိမ်လေးကို ဘယ်လိုလုပ်မလဲဟင်"

"သားနဲ့သမီးအတွက် ဒီအိမ်လေးဆိုတာ မလိုအပ်ပါဘူး ဆွေရယ်။ စိတ်မပူပါနဲ့ဆွေရယ်။ ဒီအိမ်လေးကို အစ်ကိုတို့တွေမရှိတော့ရင်တောင် ကိုယ်တို့နဲ့အတူ ခေါ်သွားမယ်ဟုတ်ပြီလား"

"ဘယ်လို"

"ဟားဟားဟား"

ကလေးတစ်ယောက်လိုမေးလာသော အသက် ၇၀ ကျော် ဇနီးဖြစ်သူအဘွားကြီးကိုကြည့်ပြီး အဘိုးကြီးဖြစ်သည့်သူက အားရသဘောကျစွာ ရယ်မောလိုက်တော့သည်။

(၃)

အိမ်အရောင်းအဝယ်စာချုပ်ပေါ်တွင် လက်မှတ်ထိုးပြီးသည်နှင့် သူ၏စိတ်အစဉ်သည် ပေါ့ပါးသွားသကဲ့သို့ ခံစားလိုက်ရသည်။

"ဦးတင်မောင်ရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကလဲ ဦးတင်မောင်ကို လေးစားလို့ နောက်ပြီး အခုလိုမျိုးစီစဉ်တယ်ဆိုတာကိုသိရတော့ ပိုပြီးလေးစားမိပါတယ်။ ဦးတင်မောင်တို့ လင်မယား အသက်ရှည်မှာပါဗျာ။ ဒီအိမ်လေးမှာ အကြာကြီးကုသိုလ်တွေထပ်ပြုနိုင်အုံးမှာပါဗျာ"

အိမ်ဝယ်လိုက်သူ ကိုကျော်စွာဆီက စကားကိုကြားရတော့ပြုံးမိသည်။ ကိုကျော်စွာသည် လူလတ်ပိုင်း အသက် ၄၀ ကျော် စီးပွားရေးသမားဖြစ်သည်။ ပြောတတ်ဆိုတတ်ပြီး ရပ်ရေးရွာရေးတွင်လည်း လက်မနှေးသူဖြစ်သည်။ သူတို့၏ အိမ်အစုတ်လေးနှင့်ခြံဝိုင်းသေးသေးလေးကိုပင် ဈေးမနှိမ်ဘဲ ဝယ်ယူပေးသည်ကိုပင် ကျေးဇူးတင်ရမည်။

"ကျေးဇူးတင်ပါတယ် ကိုကျော်စွာရေ။ ဦးလေးတို့ကလဲ သားသမီးတွေအတွက် ကြည့်ခဲ့ပြီးပြီလေ။ ကိုယ့်အတွက်ကိုယ် ကြည့်ရအုံးမယ်လေ။ ဒါကြောင့် ကိုယ့်အတွက်ပါမဲ့အလုပ်၊ ကိုယ့်အတွက်အမြတ်ရမဲ့ အလုပ်ကိုပဲ စီစဉ်ရတာပါ။ ကဲ သွားအုံးမယ်။ စာချုပ်ကိုလဲ ဦးလေးမယူတော့ပါဘူး။ ကိုကျော်စွာပဲယူပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်ပါ"

ကိုကျော်စွာနှင့် အသိသက်သေရပ်မိရပ်ဖနှစ်ဦးကို နှုတ်ဆက်ပြီး သူပြန်လာခဲ့သည်။ အိမ်ကိုရောင်းလိုက်သော်လည်း သူ့လက်ထဲတွင် ပိုက်ဆံတစ်ပြားတစ်ချပ်မှ ပါမလာခဲ့ပေ။ ပီတိများသာသယ်ဆောင်ပြီး အိမ်ကိုပြန်ခဲ့သည်။

"ဆွေရေ အစ်ကိုပြန်လာပြီ"

အိမ်ရှေ့ခန်းတွင် လှဲပြီးအိပ်နေသော ဇနီးဖြစ်သူအနားသို့ သွားလိုက်သည်။ အိပ်မောကျနေသည်ထင်သည်။ သူ၏လက်ကလေးကို အသာအယာဆုပ်ကိုင်လိုက်သည်။ တစ်စုံတစ်ခုကို သူခံစားလိုက်ရသည်။ သူ့ရင်ဘတ်လေးနားကို သူကပ်ပြီး နားထောင်ကြည့်လိုက်သည်။ သေချာသည်။ သူသည် လောကကြီးကို နှုတ်ဆက်သွားခဲ့ပြီဖြစ်သည်။ သူ၏ရင်ထဲတွင်လည်း ပူလောင်မွန်းကျပ်စွာ မျက်ရည်ပူများ စီးဆင်းလာသည်။ နှစ်ပေါင်းများစွာ အေးအတူပူအမျှနေထိုင်လာခဲ့သော၊ တစ်ဦးတည်းသော အားပေးဖော်ဖြစ်သူ ဇနီးမယားအတွက် သူရင်နှင့်အောင် ခံစားလိုက်ရသော်လည်း သူမငိုခဲ့ပေ။

"ဖြစ်မှုဖြစ်ရလေ ဆွေရယ်"ဟုသာ မျက်ရည်များနှင့်အတူ ညည်းတွားလိုက်သည်။ အိမ်ကို အချိန်မီလေးရောင်းနိုင်ခဲ့သည့်အတွက် တော်သေးသည်ဟုသာ တွေးပြီး ဖြေလိုက်ရသည်။ ထို့နောက် ဇနီးဖြစ်သူ၏ နဖူးပြင်လေးကို အသာအယာနမ်းလိုက်ပြီး တစ်နေ့တာအမောကို ခေတ္တဖြေရန်အတွက် သူ့ဘေးတွင်လှဲပြီး အိပ်စက်လိုက်တော့သည်။

(၄)

"ကိုကျော်စွာ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ။ ကံတရားက ဒီလိုပါလာတော့လဲ"

"ဟုတ်ပါတယ် ကိုဝင်းဖေရယ်။ ဒါပေမဲ့ သိပ်မြန်လွန်းတယ်လေ။ ဒါနဲ့ သူတို့သားသမီးတွေကို ဆက်သွယ်ပြီးပြီလား"

"ဆက်သွယ်ပြီးပြီ ခရီးလွန်နေလို့တဲ့။ မြေချတာမီမှာမဟုတ်ဘူးတဲ့။ ရက်လည်မှလာနိုင်မယ်တဲ့"

ကိုဝင်းဖေ၏စကားကြားရတော့ ကိုကျော်စွာ ဒေါသထွက်ခဲ့ရသည်။ မိဘကိုမသိတတ်သော ထိုသားသမီးများအတွက် တစ်နေ့နေ့ကျရင် အချိန်တစ်ခုအနေဖြင့် ဝဋ်ဆိုသောအရာရောက်ရှိလာမည်ဆိုတာ ကိုကျော်စွာသိသည်။ ထို့ကြောင့်ပင် ဦးတင်မောင်စီစဉ်ခဲ့ခြင်းကို ကိုကျော်စွာနားလည်သည်။ သို့သော်လည်း တစ်နေ့တည်းတွင်ဆုံးပါးသွားသော ဦးတင်မောင်နှင့်ဒေါ်ဆွေ အဘိုးကြီး၊ အဘွားကြီးလင်မယားနှစ်ယောက်အတွက်တော့ ကိုကျော်စွာ စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ကိုဝင်းဖေ ကျွန်တော်ဘုန်းကြီးကျောင်းဘက်ခဏသွားအုံးမယ်ဗျာ"

ကိုဝင်းဖေကိုနှုတ်ဆက်ပြီး ကိုကျော်စွာ ဘုန်းကြီးကျောင်းသို့ထွက်ခဲ့တော့သည်။ အဘိုးကြီးဦးတင်မောင်၏ ဆန္ဒအတိုင်း အိမ်ရောင်းပြီးရသည့်ငွေကို ဘုန်းကြီးကျောင်းမှ ဆရာတော်အား ဘုန်းကြီးကျောင်းအတွက် လိုအပ်သည့်နေရာတွင်အသုံးပြုရန် လှူဒါန်းပေးရမည်ဖြစ်သည်။ ခြေလှမ်း ၁၀ လှမ်းခန့် လှမ်းအပြီးမှာပင် ကိုကျော်စွာသည် သူဝယ်ထားသော အိမ်လေးကို တစ်ချက်ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် နှုတ်ဖျားမှလည်း စကားတစ်ခွန်းကို ညင်သာစွာရေရွတ်လိုက်တော့သည်။

"ဦးလေးဖြစ်ချင်တဲ့အတိုင်း ကျွန်တော်လုပ်ပေးမှာပါ။ နောက်ပြီး ဒီအိမ်လေးဟာ ဦးလေးတို့လင်မယားနဲ့အတူ ပါသွားနိုင်ခဲ့ပါပြီဗျာ"

**❖ နှစ်ပေါင်းများစွာ အေးအတူပူအမျှနေထိုင်လာခဲ့သော၊ တစ်ဦးတည်းသော အားပေးဖော်ဖြစ်သူ ဇနီးမယားအတွက် သူရင်နှင့်အောင်ခံစားလိုက်ရသော်လည်း သူ မငိုခဲ့ပေ။ "ဖြစ်မှုဖြစ်ရလေ ဆွေရယ်"ဟုသာ မျက်ရည်များနှင့်အတူ ညည်းတွားလိုက်သည်။ အိမ်ကို အချိန်မီလေးရောင်းနိုင်ခဲ့သည့်အတွက် တော်သေးသည်ဟုသာတွေးပြီး ဖြေလိုက်ရသည်။ ထို့နောက် ဇနီးဖြစ်သူ၏ နဖူးပြင်လေးကို အသာအယာနမ်းလိုက်ပြီး တစ်နေ့တာအမောကို ခေတ္တဖြေရန်အတွက် သူ့ဘေးတွင်လှဲပြီး အိပ်စက်လိုက်တော့သည်။ ❖**

# ကျုံပျော်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၈၁၁၄ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၈၁၁၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို မတ်လ တတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ၁၁၄ ဒသမ ၉၆ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကျုံပျော်မြို့နယ်မှာ စပါး ၁၈၁၁၄ ဧက ထိစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေရရှိဖို့အတွက် ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါးမျိုးများမှာ ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စပါးများ အောင်မြင်ဖြစ်ထွန်းစေရန်၊ စပါးအရည်အသွေး ကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်အသိပညာပေးလုပ်ငန်းများကို စပါးများပြန်လည်ရိတ်သိမ်းချိန်ထိ ဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

## ကြိုးစားကြ မောင်မယ်တွေ

\- ကြိုးစားကြ မောင်မယ်တွေ
နောင်ဝယ်အခြေ လှပရေး၊
တတ်ပညာ ဗဟုသုတ
ရှာကြကွဲ့လေး။

\- ကိုယ့်ဘဝ ကိုယ့်ရှေ့ရေး
မြော်မြင်တွေး ဆင်ခြင်ကာ
ပျင်းမဖက်ရာ၊
ဇွဲ လုံ့လ ဝီရိယသာ
ရှိကြပါ သိတရား၊
ခက်ခဲကြုံ မမှုတမ်း
ကျော်လွှားလိုက်လှမ်းလို့သွား။

\- မှားမှန်ကို သတိထား
ဒုစရိုက်များ မပြုစေ၊
ဖြူစင်ရာ စိတ်နှလုံး
ကျင့်သုံးကာနေ၊
များအကျိုး ထမ်းရွက်ပေ
လှမ်းလျက်ဖွေ အောင်မြင်ခြင်း၊
ရိုးသားမှု မေတ္တာစိတ်နှင့်
ကောင်းမြတ်ရင်တွင်း။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဒဟတ်ပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မိုင်းပန်မြို့နယ် ၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု အခြေအနေများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက မိုင်းပန်မြို့နယ် ၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ၉ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ရန်ပုံငွေကျပ် ၃၇ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ပေါင်မြို့နယ် ကျောက်စရစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် မေ ၃၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စရစ်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောက်စရစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ခုနစ်သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ငါးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**အေးမြတ်**

# ဥတုရာသီညီမျှဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မေလအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံသို့ မုတ်သုံလေဝင်ရောက်မှုသည် မျှော်မှန်းထားသည့်အချိန်ထက် စောခဲ့သည်။ မုတ်သုံလေနှင့်အတူ အားလုံးမျှော်လင့်နေသောမိုးလည်း တစ်ပါတည်းပါလာသည်။ မိုးရွာသွန်းမှုကြောင့် အပူချိန် သိသိသာသာကျဆင်းသွားခဲ့သည်။ ထို့အတူ သဘာဝပတ်ဝန်းကျင်သည်လည်း တဖြည်းဖြည်းအစိမ်းရောင်လွှမ်းလာသည်။ မိုးရာသီရောက်ပြီဆိုလျှင် နိုင်ငံသားတိုင်း မဖြစ်မနေဆောင်ရွက်သင့်သောတာဝန်တစ်ရပ်ရှိနေသည်။ ထိုတာဝန်ကား အခြားမဟုတ်ချေ။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုညီမျှမှုကို ထိန်းသိမ်းစေနိုင်သောသစ်ပင်များ စိုက်ပျိုးသွားရေးပင်ဖြစ်သည်။

**အဆင်ပြေချောမွေ့**

ရှေးယခင်က မြန်မာနိုင်ငံတွင် သစ်တောသစ်ပင်ဖုံးလွှမ်းမှုဧရိယာများပြားခဲ့သည်။ ထို့ကြောင့် နှစ်စဉ်မိုးလေဝသမှန်ကန်ပြီး မိုးရေချိန်ပြည့်မီသောကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းများ ကောင်းမွန်ခဲ့သည်။ ထိုသို့ ရာသီဥတုကောင်းမွန်သောကြောင့် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်လျက်ရှိသည့် ကျေးလက်ပြည်သူများ၏ စားဝတ်နေရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ကြသည်။ သို့သော် မျက်မှောက်ကာလတွင်မူ သစ်ထုတ်လုပ်ရောင်းချမှု၊ ထင်းလောင်စာတောင့်ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းတောင်ယာစနစ်တို့ကြောင့် သစ်တောဖုံးလွှမ်းမှုဧရိယာများ တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။

ထိုသို့ တဖြည်းဖြည်းလျော့နည်းကျဆင်းလာသည်ကို ပြည်သူအားလုံးဂရုပြုသိရှိကာ ကုစားရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်သွားသင့်ပေသည်။ အကောင်းဆုံးနည်းလမ်းတစ်ရပ်မှာ နှစ်စဉ် လူတစ်ဦးလျှင် အနည်းဆုံး သစ်ပင်တစ်ပင်ခန့်ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးသွားမည်ဆိုလျှင် သစ်တောများပြုန်းတီးနေမှုကို အတိုင်းအတာတစ်ခုထိ ကုစားနိုင်မည်ဖြစ်သည်။ ထိုသို့ပြုန်းတီးသွားသော သစ်တော၊ သစ်ပင်များနေရာတွင် အသစ်အသစ်သောသစ်ပင်များဖြင့် အချိန်မီအစားထိုးစိုက်ပျိုးမှုများ အချိန်မီမပြုလုပ်လျှင် လူသားတို့သည် မဝေးတော့သည့်အနာဂတ်ကာလတွင် သဲကန္တာရဖြစ်လာသော ကမ္ဘာကြီးပေါ်၌သာ နေထိုင်ကြရတော့မည်ဖြစ်သည်။

**ကျေးရွာအလိုက် သစ်ပင်စိုက်ပျိုးရန်လို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်စပ်လျဉ်း၍ "မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဇုန်တွင်ပါဝင်ပြီး ယခုနှစ်တွင် ရာသီဥတုသည် သိသိသာသာ ပိုမိုပူပြင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းအတွင်း၌ ပါဝင်သည်ကို တွေ့ရကြောင်း၊ အပူချိန်လျော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင် အနည်းဆုံးနှစ်ဧက စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အိမ်ဝင်း၊ လမ်းဘေးများတွင်လည်း စိုက်ရန်လိုကြောင်း၊ မြို့၊ ရွာများအလိုက် သစ်တောသစ်ပင်စိုက်ပျိုးရန်မြေနေရာများကို စိစစ်ဖော်ထုတ်ရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းသာမက အခြားဝန်ကြီးဌာနများနှင့် ဒေသခံပြည်သူလူထုတို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှသာလျှင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ် လမ်းညွှန်မှုပြုခဲ့သည်။

အထူးသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်သည်။ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခရိုင်တွင် အထူးစီမံချက်ဖြင့် တစ်ရွာလျှင်နှစ်ဧကရှိသော ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ပေးသွားမည်ဖြစ်သည်။ စိုက်ပျိုးမည့်သစ်မျိုးများကိုလည်း ပျိုးပင်သက်တမ်း နှစ်နှစ်အထက်၊ ပျိုးပင်အမြင့်နှစ်ပေအထက်ရှိသည့် ဒေသမျိုးရင်းသစ်မျိုးနှင့် အရိပ်ရလေကာသစ်မျိုးများကို တစ်ပင်စိုက် တစ်ပင်ရှင်အောင် တစ်ရွာလျှင် ဝန်ထမ်းတစ်ဦး သတ်မှတ်တာဝန်ပေးပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံကျေးရွာလူထုအနေဖြင့်လည်း မိမိတို့ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။



**ကြိုတင်ပြင်ဆင်မှုလို**

အမှန်တော့ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးသွားရမည်ဆိုသည်ကို လူတိုင်းသိရှိထားပြီးဖြစ်သည်။ သို့သော် သစ်ပင်ကို ချက်ချင်းစိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့် စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင် ချက်ချင်းကျင်းတူး၍စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည် အလားအလာနည်းနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဇွန်လမှစ၍အောက်တိုဘာလထိ မိုးဖြိုင်ဖြိုင်ရွာသွန်းသည်။ ထို့ကြောင့် မေလကတည်းက ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထို့နောက် မိုးတွင်းကာလတစ်ခုလုံး အလျဉ်းသင့်သလို စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။ တတ်နိုင်ပါက မိုးတွင်းကာလတွင် တစ်လတစ်ကြိမ်ခန့် စိုက်ပျိုးသွားမည်ဆိုလျှင် သက်ရှိအားလုံးအတွက် များစွာအကျိုးဖြစ်ထွန်းနေမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦး၊ တစ်ယောက်ချင်းစီသည် သစ်တောသစ်ပင်ကိုချစ်တတ်ရန်လိုနေပြီဖြစ်သည်။ အထူးသဖြင့် ယခုလိုမိုးရာသီတွင် သစ်ပင်စိုက်ပျိုးမှုကို နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်တစ်ရပ်လို သဘောထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွက်ပြည့်ဆောင်ရွက်သွားသင့်ပေသည်။

ဆိုရလျှင် ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးမှုကို လှုပ်ရှားမှုပေါင်းစုံဖြင့် ဆောင်ရွက်သွားသင့်သည်။ ဆိုလိုသည်မှာ အပန်းဖြေခရီး သို့မဟုတ် တစ်နေရာရာသို့ရောက်ရှိချိန်တွင် အမှတ်တရသစ်ပင်အနည်းဆုံးတစ်ပင်စိုက်ပျိုးခြင်း၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ချစ်သူများကို မေတ္တာလက်ဆောင်အဖြစ် သစ်ပင်များကို ပေးအပ်ခြင်း၊ နှစ်ပတ်လည်အခမ်းအနားများ၊ နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပြည်သူအားလုံးပါဝင်စိုက်ပျိုးခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားသင့်သည်။

အမှန်တော့ လူသားတို့သည် မိမိတို့ ဖြုန်းတီးခုတ်လှဲခဲ့သော သစ်တော၊ သစ်ပင်များနေရာတွင် အစားထိုး သစ်ပင်၊ သစ်တောများ ရှင်သန်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ စနစ်တကျစိုက်ပျိုးသွားရန်လိုအပ်နေပြီဖြစ်သည်။ ထို့ပြင် နှစ်စဉ်ပြုန်းတီးသွားသော သစ်တောဧကနှင့် ထပ်မံစိုက်ပျိုးထားသော သစ်ပင်အရေအတွက်တို့ကို စနစ်တကျစာရင်းပြုစုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်သွားသင့်သည်။ အလားတူ စိုက်ပျိုးထားသောသစ်ပင်များ ဖြစ်ထွန်းရေးအတွက် သစ်ပင်စိုက်ပျိုးသူများကို ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများဆက်လက်လုပ်ဆောင်နိုင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ မြေဩဇာနှင့် ပေါင်းသတ်ဆေးများကဲ့သို့သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။

ထို့ပြင် သစ်ပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးထားရုံသာမက သစ်တောများကို တောမီးလောင်မှုအန္တရာယ်မှလည်း ကာကွယ်ပေးရန်လည်း လိုအပ်ပေသည်။ တောမီးလောင်ခြင်းကို မီးတားလမ်းများဖောက်ခြင်း၊ စည်းကမ်းမဲ့ဆေးလိပ်မီးစနှင့် မီးကြွင်းမီးကျန်များထားရှိခြင်းကို ကန့်သတ်ခြင်းကဲ့သို့သော ကြိုတင်ကာကွယ်သည့်နည်းလမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုအပ်သည်။ လူတစ်ဦးတစ်ယောက်၏ အမှုမဲ့အမှတ်မဲ့စွန့်ပစ်လိုက်သော ဆေးလိပ်မီးတစ်စသည် တစ်တောလုံးကိုပြာကျသွားနိုင်သဖြင့် နိုင်ငံသားတိုင်း ကိုယ်စီအသိရှိကြရန် လိုအပ်ပေသည်။

**ဥတုရာသီညီမျှဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

စင်စစ်အားဖြင့် သစ်ပင်၊ သစ်တောများသည် လူနှင့်တိရစ္ဆာန်များ အသက်ရှင်ရန် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကျန်းမာရေးကိုထိခိုက်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကိုစုပ်ယူပေးနိုင်သည်။ ထို့ပြင် အပူဒဏ်ကိုကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေများကို ထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ အထူးသဖြင့် ရာသီဥတုမှန်ကန်လာသောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်း၍ တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

ဆိုရလျှင် ယခင်က သစ်တောများနှင့် ဖုံးလွှမ်းလျက်ရှိသော တောတောင်များသည် သစ်ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းတို့ကြောင့် တောင်ကတုံးများဖြစ်လာကြသည်။ "ဥတုရာသီ တောကိုမှီ"ဆိုသည့်အတိုင်း ထိုတောင်ကတုံးများတွင် သျှောင်ထုံးနိုင်မှသာလျှင် ရာသီဥတုပြန်လည်မှန်လာမည်ဖြစ်သည်။ သစ်ပင်၊ သစ်တောများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရာတွင် အခြေခံအကျဆုံးသောအရင်းအမြစ်များဖြစ်သည်။ သစ်တောများနှင့်လွှမ်းခြုံထားသောဒေသများတွင် ရေအရင်းအမြစ်များကိုထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့နောက် ရာသီဥတုမှန်လာခြင်း၊ မိုးရေချိန်ပြည့်မီစွာရရှိသဖြင့် သောက်သုံးရေအပြင် စိုက်ပျိုးရေကိုပါ ဖူလုံစွာရရှိလာမည်ဖြစ်သည်။ ထိုသို့ မိုးလေဝသမှန်ကန်မှုကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် ပြုန်းတီးသွားသော သစ်ပင်၊ သစ်တောများနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျစိုက်ပျိုးသွားရန်လိုအပ်သည်။ အထူးသဖြင့် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်သည်။ သို့မှသာလျှင် ဥတုရာသီညီမျှလာပြီး နေ့စဉ်စားဝတ်နေရေး၏ အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည့်အပြင် နိုင်ငံသားအားလုံးအနေဖြင့်လည်း ကျန်းမာချမ်းသာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ။**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊**
**ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလတွင် ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး မတ်လအတွင်းက ငါးပြေမပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းခဲ့တယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံ ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာများပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပါ"ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမနှစ်မျိုး အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ငါးပြေမငါးသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမငါးအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ်တွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကြို့ပင်ကောက် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်နဖားကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်နဖားကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူသူငြိမ်း**

ခရီးသွားဆောင်းပါး

# တစ်ညတာပျော်စံ မြို့ရှာငံ

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ်ထဲမှာရှိတဲ့ တဲ့လုရွာကိုအသွားခရီးမှာ ကားလမ်းအဆုံး၊ ကားဆက်လက်မောင်းနှင်လို့မရတော့တဲ့ တောင်စွန်းနေရာတစ်ခုကို ရောက်ရှိနေကြပါပြီ။ ဒီနေရာမှာ ကားကိုရပ်ထားခဲ့ရမှာဖြစ်ပြီး ခြေကျင်ခရီးဆက်ကြရမှာပါ။ ကျောင်းသားမိဘရဲ့ဦးလေးဖြစ်သူဒေသခံကို မေးမြန်းကြည့်တော့ အခုရောက်ရှိနေတဲ့နေရာက တဲ့လုရွာရဲ့အောက်ဘက်အကျဆုံး အစွန်အဖျားနေရာတစ်ခုဖြစ်ကြောင်း၊ အခုနေရာကို တဲ့လုရွာကနေလာမယ်ဆိုရင် အလွန်ခရီးဝေးပြီး လမ်းကြမ်းကြောင်း၊ ဒါကြောင့် တဲ့လုရွာအဝင်လမ်းခွဲကို ကျော်လွန်လာပြီးမှ အခြားရွာတွေကနေ ဖြတ်သန်းလာရတာဖြစ်ကြောင်းနဲ့ အခုခရီးက ပိုမိုကောင်းမွန် အဆင်ပြေကြောင်းတွေကို သိလိုက်ရတယ်။

ကားကိုရပ်ထားပြီးတာနဲ့ ကျောင်းသားမိဘရဲ့ဦးလေးဖြစ်သူ လမ်းညွှန်ခေါ်ဆောင်သွားတဲ့အတိုင်း ရှေ့ခရီးကို ဆက်ကြရတယ်။ ခရီးလမ်းက တောင်အစွန်းကနေအောက်ဘက်လျှိုကြီးအတွင်းထဲကို ခြေကျင်တောလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းကြရတာပါ။ လမ်းဘေးဝဲ၊ ယာတွေမှာ ဝါးရုံတောကြီးတွေ၊ တောင်ယာခုတ်မီးရှို့ထားတဲ့ တောတန်းလေးတွေ၊ စိုက်ပျိုးပြီးစစိုက်ကွင်း၊ စိုက်ခင်းလေးတွေကို စိမ်းစိမ်းစိုစိုနဲ့တစ်မျိုး၊ မီးခိုးငွေ့တလူလူနဲ့တစ်ဖုံ၊ အနိမ့်အမြင့်မတူညီတဲ့ မြေမျက်နှာသွင်ပြင်ပေါ်မှာ ကွေ့လိုက်ကောက်လိုက်၊ တက်လိုက်ဆင်းလိုက်နဲ့ မြင်တွေ့နေရတယ်။ မြင်တွေ့နေရတဲ့ အရာတွေက သစ်ပင်တောတန်းတွေ၊ စိုက်ခင်းစိုက်ကွက်တွေ၊ လျှိုမြောင်တောင်တန်း၊ ချောက်ကမ်းပါးတွေကလွဲပြီး ဘာမှမရှိတော့ပါဘူး။ ကျေးရွာသူ၊ ကျေးရွာသားတွေ၊ လူနေအိမ်တွေ၊ လယ်စောင့်ယာစောင့်တဲကလေးတွေကအစ ဘာကိုမှမမြင်တွေ့ရတာကြောင့် လူသူအရောက်အပေါက်နည်းပြီး အလွန်ဝေးလံတဲ့နေရာဖြစ်ကြောင်း ထင်ရှားနေတယ်။ တောလမ်းအတိုင်းလျှောက်နေရတာကလဲ ဖြောင့်ဖြောင့်ဖြူးဖြူး သက်သက်သာသာမဟုတ်ဘဲ သစ်ပင်၊ သစ်ခက်၊ သစ်ကိုင်း၊ သစ်ငုတ်တွေကို ဖယ်လိုက်ရှားလိုက်၊ ကျော်လိုက်လွှားလိုက်နဲ့ သတိထားဂရုစိုက် လျှောက်နေကြရသလို ဘေးတစ်ဖက်တစ်ချက်တွေမှာရှိနေတဲ့ ချောက်ကမ်းပါးထဲမကျအောင်လဲ သတိရှိကြရတယ်။

တောတွင်းလမ်းကြမ်းကြမ်းအတိုင်း တစ်နာရီလောက် ချွေးသုတ်လိုက်၊ ပါလာတဲ့ရေဘူးကိုဖွင့်သောက်လိုက်နဲ့ တစ်နေရာအရောက်မှာ တဝေါဝေါကျနေတဲ့ ရေသံတွေကို ကြားလိုက်ရတာနဲ့အတူ လိမ္မော်ခြံကြီးတစ်ခြံအနီးကို ရောက်လာခဲ့ကြတယ်။ တဝေါဝေါကျနေတဲ့ရေသံတွေက ပန်းလောင်မြစ်ကဆိုတာ သိလိုက်ရပြီး လိမ္မော်ခြံကြီးကလဲ ကျောင်းသားမိဘရဲ့ဦးလေးပိုင်ဆိုင်တဲ့ခြံကြီးဖြစ်ကြောင်း တစ်ပြိုင်နက်သိရှိလိုက်ရပြန်တယ်။ ပန်းလောင်မြစ်က တဲ့လုရွာအနီးကနေစီးဆင်းသွားပြီးမှ မြစ်သားမြို့နယ်အတွင်းကို ဆက်လက်စီးသွားတာပါ။ လိမ္မော်ခြံကြီးကတော့ သက်တမ်းနုသေးတဲ့ ပင်ပျိုတွေဖြစ်နေတဲ့အပြင် အပင်တိုင်းမှာ သီးကင်းတွေ အများအပြားစုခဲပွတ်သိပ်သီးနေကြတာကို မြင်တွေ့နေရတယ်။ လိမ္မော်ခြံကြီးရဲ့ဘေးအနီးတစ်ဝိုက်မှာ ပဲ၊ ခရမ်း၊ မုန်ညင်း၊ မုန်လာ၊ မုန်လာဥနီ စတဲ့စိုက်ခင်းတွေရှိနေကြတယ်။

ကျောင်းသားမိဘရဲ့ဦးလေးဖြစ်သူ ပြောဆိုချက်အရ လိမ္မော်ခြံကြီးအနီး ပန်းလောင်မြစ်ပေါ်မှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းတစ်ခုကို လုပ်ဆောင်မှာဖြစ်ကြောင်းနဲ့ သက်ဆိုင်ရာကနေ ခွင့်ပြုမိန့်ရရှိပြီးပြီဖြစ်ကြောင်း သိလိုက်ရတယ်။ ဒ့ါပြင် မိမိတို့ကိုလဲ အတူတကွပူးပေါင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို လာရောက်လုပ်ကိုင်စေလိုကြောင်းနဲ့ မိမိနဲ့ကျောင်းသားမိဘနှစ်ဦးစလုံးကို တစ်ယောက်မြေဧက ၁၀၀ စီ ပေးအပ်လုပ်ကိုင်စေမှာဖြစ်ကြောင်း ပြောကြားလိုက်တာကြောင့် မိမိအနေနဲ့စာရေးတာရယ်၊ စာသင်တာရယ်နှစ်ခုကိုသာ လုပ်ကိုင်ဆောင်ရွက်တတ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို မလုပ်တတ်မကိုင်တတ်ကြောင်း ပြန်လည်ပြောကြားလိုက်ရတယ်။

ဆက်လက်ပြီး ပန်းလောင်မြစ်တစ်လျှောက် လေ့လာကြည့်ရှုကြတဲ့အခါ ရေတွေတဝေါဝေါကျနေတဲ့ တောင်ကျရေတံခွန်နေရာတွေ၊ တောင်ကြိုတောင်ကြား၊ ကျောက်ဆောင်ကြိုကျောက်ဆောင်ကြားကနေ အရှိန်ပြင်းပြင်းနဲ့ စီးဆင်းနေတဲ့မြစ်ကျဉ်းနေရာတွေ၊ လွင်ပြင်ပိုင်းနေရာတွေမှာ ဖြည်းဖြည်းညင်းညင်း




ငြိမ်ငြိမ်သက်သက် စီးဆင်းနေတဲ့ မြစ်ပြင်ကျယ်နေရာတွေကို အပိုင်းလိုက်၊ အပိုင်းလိုက် တစ်ဖြတ်စီ အမြင်မရိုးနိုင်အောင် တွေ့မြင်နေရတယ်။ ဒါပေမဲ့ ပန်းလောင်မြစ်စီးဆင်းနေတဲ့နေရာက လူတွေသူတွေမရှိဘဲ တောကြီးမျက်မည်းအတွင်းမှာ အထီးကျန်ဆန်ဆန် စီးဆင်းနေရတာကြောင့် သာသာယာယာရှိတယ်လို့ မထင်ရဘဲ ကြောက်စိတ်တွေဖြစ်ပေါ်နေရတယ်။

ပန်းလောင်မြစ်တစ်လျှောက် လေ့လာကြည့်ရှုပြီးတာနဲ့ လျှိုကြီးအတွင်းကနေ တောတွင်းလမ်းအတိုင်း အပေါ်တောင်စွန်းနေရာကို ပြန်တက်လာခဲ့ကြတယ်။ အပြန်ခရီးက တောင်တက်ခရီးဖြစ်နေတာကြောင့် အလာခရီးထက် ပိုမိုပင်ပန်းတာနဲ့အတူ သစ်ပင်ရိပ်၊ ဝါးပင်ရိပ်ရောက်တာနဲ့ မကြာခဏဆိုသလို နားကြရတယ်။ ရှင်သန်ပေါက်ရောက်နေတဲ့ ဝါးပင်စိမ်းစိမ်းတွေ၊ လဲကျခြောက်သွေ့နေပြီဖြစ်တဲ့ ဝါးလုံးဝါဝါတွေကို လမ်းတစ်လျှောက်နေရာတိုင်းမှာ တွေ့မြင်နေရတယ်။ ဝါးပင်တွေအလွန်ပေါများတဲ့ ဒီအရပ်၊ ဒီဒေသလိုနေရာမျိုးမှာ ဝါးပင်တွေ၊ ဝါးလုံးတွေက တန်ဖိုးမရှိကြတော့ပါဘူး။ ဒေသခံဦးလေးရဲ့ပြောပြချက်အရ တစ်ခါတစ်ရံ ဝါးဝယ်ယူသူတွေလာရောက်ကြလို့ ရွာခံအလုပ်သမားတွေက ဝါးခုတ်ပေးရတယ်ဆိုရင် ဝါးတစ်လုံးခုတ်ခ ငါးရာကျပ်၊ ခုတ်ပြီးဝါးတွေကို သယ်ယူဖို့အတွက် လှည်း၊ ထော်လာဂျီ၊ ကား စတဲ့ယာဉ်တွေရပ်ထားတဲ့နေရာထိ အရောက်သယ်ယူပို့ဆောင်ခက ငါးရာကျပ်နဲ့ ဝါးတစ်လုံးအတွက် ခုတ်ခ၊ သယ်ခ စုစုပေါင်းတစ်ထောင်ကျပ်လောက်သာ ရရှိကြတယ်။ ဒါပေမဲ့ အလုပ်သမားတစ်ယောက်က တစ်နေ့ကုန် ဝါးခုတ်၊ ဝါးသယ်ယူရတဲ့အလုပ်ကို ဝါးအလုံးအရေအတွက် လေးဆယ်ကျော်၊ ငါးဆယ်လောက်သာ လုပ်ကိုင်နိုင်ကြကြောင်း သိလိုက်ရတယ်။ ဝါးခုတ်ရတာလဲမလွယ်ကူသလို သယ်ယူပို့ဆောင်ပေးမဲ့ယာဉ်တွေထိရောက်အောင် ထမ်းပိုးသယ်ဆောင်ကြရတာကလဲ မလွယ်ကူလှပါဘူး။ ဒ့ါပြင် ဒီလိုဝါးခုတ်ရတဲ့အလုပ်က နေ့စဉ်ရှိမနေသလို တစ်ခါတစ်ရံမှသာ ခုတ်ကြရတာပါ။

လျှိုကြီးအတွင်းကနေ တက်ရင်းနား၊ နားရင်းတက်နဲ့ ညနေ ၄ နာရီကျော်မှာ တောင်စွန်းပေါ်ကို ပြန်လည်ရောက်လာကြတယ်။ တောင်စွန်းထိပ်ကားရပ်ထားတဲ့နေရာကို ရောက်ကြပြန်တော့လဲ စကားပြောကြရင်းနဲ့ ခဏလောက်နားကြရတယ်။ ရှေ့ဆက်ခရီးအစီအစဉ်က ဒီနေ့ည ရှာငံမြို့ကို ပြန်အိပ်ကြပြီးမှ နောက်တစ်နေ့မနက်မှာ တဲ့လုရွာမှာရှိတဲ့ ဦးလေးရဲ့လုပ်ငန်းတွေကို ဆက်လက်လေ့လာကြဖို့ပါ။ ဒါကြောင့် ကားရပ်ထားခဲ့တဲ့တောင်စွန်း၊ တောင်ထိပ်နေရာကနေ လာလမ်းအတိုင်း ရှာငံမြို့ကို ပြန်လည်မောင်းနှင်လာခဲ့ရတယ်။ အပြန်ခရီးက ညနေပိုင်းအချိန် ဖြစ်နေတာကြောင့် လမ်းတစ်လျှောက်ဘေးဝဲ၊ယာနေရာတွေမှာ တောမီးရှို့တာတွေနဲ့ မကြာခဏကြုံနေရတယ်။ တောမီးတွေက တချို့နည်းပါးသေးငယ်ကြသလို တချို့က များပြားကြီးမားနေလို့ ကားကိုသတိထားမောင်းနေရတယ်။ တောမီးတွေကိုလဲ လွတ်အောင်ရှောင်မောင်းရ၊ ကားလမ်းဘေးမှာရှိနေတဲ့ ချောက်တွေထဲလဲ ကျမသွားရအောင်၊ တောင်ကမ်းပါးယံတွေနဲ့လဲ မတိုက်ရအောင် အန္တရာယ်သုံးခုအတွင်းက မောင်းနေရတာပါ။ ဒီလိုအန္တရာယ်တွေကလွတ်အောင် မောင်းလာခဲ့ရပြီး ရွာအဝင်လမ်းတွေပေါ်ရောက်တော့မှ အသက်ဖြောင့်ဖြောင့်ရှုရဲတော့တယ်။

အလာခရီးတုန်းကတွေ့မြင်ထားရတဲ့ အတွေ့အကြုံအရ ရွာစဉ်ရွာတန်းလေးတွေ သုံး၊ လေးရွာလောက်ကို ကျော်ဖြတ်မောင်းနှင်ပြီးမှ ရှာငံ-အောင်ပန်း ကားလမ်းပေါ်ကို ပြန်လည်ရောက်ရှိကြမှာပါ။ တချို့မြေသားလမ်း၊ တချို့ကျောက်သားလမ်း၊ တချို့ကတ္တရာလမ်းစသဖြင့် အမျိုးမျိုးကွဲပြားနေတဲ့ ရွာလမ်းလေးတွေဖြစ်နေကြပေမဲ့ ခြံဝင်းကျယ်ကျယ်တွေနဲ့ အိမ်ကလေးတွေ၊ သီးပင်စားပင် အုပ်အုပ်ဆိုင်းဆိုင်းတွေ၊ ရွာအဝင်၊ ရွာအထွက်၊ ရွာအလယ်တွေမှာ တွေ့မြင်နေရတဲ့ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတွေကြောင့် ရွာလေးတွေက အေးချမ်းသာယာလှပပြီး နေချင်စဖွယ်ကောင်းနေကြတယ်။ ရွာခလေ့၊ ရွာရိုးရာ၊ ရွာမြင်ကွင်းတွေဖြစ်တဲ့ သဘော်ပင်နဲ့သဘော်သီးတွေ၊ ငှက်ပျောပင်တွေနဲ့ငှက်ပျောခိုင်ကြီးတွေ၊ သရက်ပင်နဲ့သရက်သီးတွေ၊ အိမ်တိုင်းလိုလို ခြံတိုင်းလိုလိုမှာရှိတဲ့ တွဲတွဲလျားလျားဒန့်သလွန်သီးတွေ၊ အခြားသစ်ပင်၊ ပန်းပင်၊ စားပင်တွေကြောင့်လဲ ရွာလေးတွေက ပိုမိုနေချင်ဖွယ်ကောင်းအောင် ဆွဲဆောင်နေကြတယ်။ ဖြစ်နိုင်ရင်တော့ မြို့ကြီးပြကြီးတွေနဲ့လဲ မနီးမဝေး၊ လမ်းပန်းဆက်သွယ်ရေးလဲကောင်း၊ လျှပ်စစ်မီးတွေလဲရ၊ ရေကောင်းလေကောင်းတွေလဲရတဲ့ ဒီလိုရွာလေးတွေမှာ ခြံဝင်းကျယ်ကျယ်၊ သီးပင်စားပင် ပန်းပင်စုံစုံလင်လင်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာ ပူပင်သောကတွေကင်းဝေးစွာနေထိုင်ချင်ပါသေးတယ်။ ဒီလိုကြည့်ရှုရင်း၊ တွေးတောရင်း၊ ငေးမောရင်းနဲ့ မကြာခင်မှာ ရှာငံ-အောင်ပန်းလမ်းပေါ်ကို ရောက်လာခဲ့ကြတယ်။

ရှာငံလမ်းက ကောင်းလဲကောင်း၊ ကျယ်လဲကျယ်၊ ရှင်းလဲရှင်းနေလို့ တည်းခိုနေတဲ့ဟိုတယ်ကို မြန်မြန်ဆန်ဆန်ရောက်ရှိကြမှာပါ။ ဒါပေမဲ့ မိမိဘေးမှာရှိနေတဲ့ ကျောင်းသားမိဘက လမ်းတစ်လျှောက်မှာတွေ့မြင်ရသမျှ ရှုမျှော်ခင်းတွေကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ယူနေတာကြောင့် ကားကိုမနှေးမမြန် ခပ်မှန်မှန်မောင်းပေးနေရတယ်။ ရှာငံလမ်းက ရှုခင်းတွေကလဲ မြင်ရသူအပေါင်းကို စွဲမက်အကြိုက်တွေ့ နှစ်ခြိုက်စရာကောင်းနေတယ်။ ဒါကြောင့် ရှုခင်းကောင်းတဲ့ ကားလမ်းဘေးနေရာတွေမှာ၊ ယူကလစ်ပင်တန်းနေရာတွေမှာ၊ နေကြာပန်းခင်းနေရာတွေမှာ နေဝင်ဆည်းဆာချိန်နဲ့အတူ ရှုခင်းကြည့်နေကြသူတွေ၊ ဓာတ်ပုံမှတ်တမ်းရိုက်နေကြသူတွေကို မကြာခဏတွေ့မြင်နေရတယ်။ ရှာငံလမ်းကနေ ဘုရားဖူးသွားကြတာပဲဖြစ်ဖြစ်၊ အပျော်ခရီးထွက်ကြတာပဲဖြစ်ဖြစ်၊ အကြောင်းတစ်စုံတစ်ရာကြောင့် ခရီးသွားလာနေကြသူတွေပဲဖြစ်ဖြစ် အချိန်ရရင်ရသလို ရှုခင်းတွေကြည့်ကြ၊ ဓာတ်ပုံတွေရိုက်ကြရစမြဲပါ။ ဒီလိုဖြစ်အောင်လဲ ရှာငံလမ်းကသာယာလှပနေတယ်။

မြို့အဝင် ဆိုင်းဘုတ်နေရာကိုရောက်တော့ ကျောင်းသားမိဘက ဓာတ်ပုံရိုက်ယူချင်သေးတယ်ဆိုတာနဲ့ ကားရပ်ပေးလိုက်တယ်။ ဓာတ်ပုံရိုက်အပြီး တစ်ဆက်တည်းမှာပဲ ညနေစာထမင်းစားကြရအောင်၊ ထမင်းဆိုင်ကိုသွားကြစို့ဆိုလို့ ထမင်းမစားနိုင်သေးပါဘူး၊ ဟိုတယ်ကိုအရင်သွားပြီး ရေချိုး၊ အဝတ်အစားလဲကြရအောင် ပြီးမှ ထမင်းစားကြမယ်လို့ပြောဆိုပြီး ဟိုတယ်ရှိရာကို ထွက်လာခဲ့ရတယ်။ ဒီလိုနဲ့ဟိုတယ်ကို အရင်ပြန်ခဲ့ပြီးမှ ညနေစာထမင်းစားသောက်ကြဖို့အတွက် ကောင်းနိုးရာရာ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကို ပြန်လာထွက်ခွာလာခဲ့ကြရတယ်။

ရှာငံမြို့က လူဦးရေနည်းပါးပြီး တိတ်ဆိတ်ငြိမ်သက်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဘယ်အချိန် ဘယ်ရာသီသွားသွား ရှင်းရှင်းလင်းလင်း၊ ခြောက်ခြောက်ကပ်ကပ်အဖြစ်သာ တွေ့မြင်ရလေ့ရှိနေတယ်။ မြို့တွင်းလမ်းမကြီးပေါ်မှာရှိနေကြတဲ့ ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ဟိုတယ်၊ မိုတယ်တွေကလဲ ခရီးသွားဧည့်သည်တွေကိုသာ အခြေပြုအားကိုးအားထားရပ်တည်နေကြရတယ်။ ဆယ်နှစ်ကျော်ကာလတွေတုန်းက သာမန်လက်ဖက်ရည်ဆိုင်နဲ့ ထမင်းဆိုင်လေးတွေလောက်သာရှိနေခဲ့ကြပြီး အခုနောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာတဲ့အချိန်တွေမှာ စားသောက်ဆိုင်ကြီးတွေ၊ ဟိုတယ်ကြီးတွေ ဖြစ်ပေါ်လာကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ညနေစာ ထမင်းစားသောက်ပြီးရင် ရှာငံမြို့မှာပဲ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ တစ်ညတာနားခိုအိပ်စက်ကြရအုံးမှာဖြစ်ပြီး နောက်တစ်နေ့မနက်မှ တဲ့လုရွာကို ခရီးဆက်ကြရမှာပါ။

# အိုက်စလန်မီးတောင် ပဥ္စမအကြိမ် ပြင်းထန်စွာပေါက်ကွဲမှုဖြစ်ပွား



**ရေကျာဗစ်ခ် မေ ၃၀**

အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အိုင်စလန်မီးတောင်သည် မေ ၂၉ရက် နေ့လယ်ပိုင်းက ပြင်းထန်စွာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုင်စလန်မီးတောင်ပေါက်ကွဲချိန်တွင် ချော်ရည်ပူများသည် မီတာ ၅၀ ကျော်အမြင့်ထိ လွင့်စဉ်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါမီးတောင်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကတည်းက မကြာခဏ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယခုအကြိမ်သည် ပဥ္စမအကြိမ်ဖြစ်ကြောင်း၊ မီးတောင်သည် ယခင်က ငြိမ်သက်ခဲ့သော်လည်း ပြီးခဲ့သည့် သုံးနှစ်ကစ၍ မီးတောင် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး ယခုပေါက်ကွဲမှုသည် အပြင်းထန်ဆုံးဖြစ်ကြောင်း အိုင်စလန်မိုးလေဝသရုံးက ထုတ်ပြန်ခဲ့သည်။

"ဒီမီးတောင်ပေါက်ကွဲမှုအစက အရင်မီးတောင် ပေါက်ကွဲမှုတွေကထက် အတော်အားပြင်းခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပေမဲ့ ရေကျာဗစ်ခ်ရဲ့လေကြောင်းခရီးစဉ်တွေကိုတော့ ပုံမှန်အတိုင်းပျံသန်းမှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ နောက်ဆက်တွဲ မီးတောင်ပေါက်ကွဲမှုတွေလဲ ဖြစ်နိုင်တာကြောင့် မီးတောင်အနီးနေတဲ့ လူဦးရေ ၄၀၀၀၀၀ လောက်ကိုတော့ သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်"ဟု အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

မြို့တော် ရေကျာဗစ်ခ် တောင်ဘက်ရှိ မြေအောက်တွင် ကျောက်ရည်ပူများ စုပုံနေသည်ကို ပြီးခဲ့သည့်လက လေ့လာတွေ့ရှိခဲ့သည့်အပြင် မီးတောင်လှုပ်ရှားမှုများလည်းရှိသည့်အတွက် မီးတောင်ပေါက်ကွဲနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားခဲ့သည်။

မီးတောင် ပေါက်ကွဲရာမှ ထွက်လာသောချော်ရည်ပူများသည် ချောင်းသဖွယ် အရှိန်အဟုန်ဖြင့် စီးဆင်းနေခဲ့ပြီး မီးတောင်ပေါက်ကွဲစဉ်အတွင်း ချော်ရည်များသည် မီတာ ၅၀ အကွာအဝေးထိ လွင့်စဉ်ခဲ့ကာ မီးတောင်ပတ်လည် ၃ ဒသမ ၄ ကီလိုမီတာဝန်းကျင်ထိ ပျံ့နှံ့ခဲ့ကြောင်း အိုက်စလန်မှ ဘူမိရူပဗေဒပညာရှင် Ari Trausti Gudmundsson က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : KZ**

# ဘရာဇီးနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးမှုဖြစ်ပွားခဲ့ရ

**ဘရာဇီးလီးယား မေ ၃၀**

ရာသီဥတုဖောက်ပြန်မှုကြောင့် ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် ရီယိုဂရန်းဒိုဆူလ်ပြည်နယ်တွင် လူဦးရေ ၅၀၀၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး လူဦးရေ ၁၆၀ ကျော် သေဆုံးခဲ့သည့်အပြင် တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးမှုဖြစ်ပွားခဲ့ရကြောင်း ဘရာဇီးနိုင်ငံလုံးဆိုင်ရာ မိုးလေဝသဌာန INMET က သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရီယိုဂရန်းဒိုဆူလ်ပြည်နယ်၌ မေလအစောပိုင်းက သုံးရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဘရာဇီးနိုင်ငံရှိ ဆန်၊ ဂျုံနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများဖြင့် လုပ်ကိုင်အသက်မွေးကြသော တောင်သူများတွင် ဆုံးရှုံးမှုများဖြစ်ပွားခဲ့ရကြောင်း၊ ထို့ပြင် ဥစားကြက်နှင့် အသားစားကြက်မွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများကဲ့သို့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများတွင် အခက်အခဲများနှင့် ဆုံးရှုံးမှုများဖြစ်ခဲ့သည့်အပြင် မွေးမြူရေးတိရစ္ဆာန်များကို အစာကျွေးရန်အတွက်ပါ ခက်ခဲနေကြောင်း၊ ရေကြီးမှုကြောင့် တောင်သူများ၏ လယ်ယာထွက်သီးနှံများ ရေစီးနှင့် မျောပါသွားခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်း မိုးရွာသွန်းမှုကြောင့် မိုးရေချိန်လက်မ ၂၈ လက်မကျော်ထိရှိခဲ့ပြီး လန်ဒန်၏ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်ထက်ပင် များနေကြောင်း INMET က ဖော်ပြထားသည်။

ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်ခဲ့သော မွေးမြူရေးခြံပေါင်း ၆၅၀၀ ရှိခဲ့ကြောင်း၊ ပဲပိစပ်ရိတ်သိမ်းချိန်တွင် ရေကြီးမှုကြောင့် ပဲပိစပ်များဆုံးရှုံးခဲ့ကြောင်း၊ ကြက်အကောင်ရေ ၄၀၀၀၀၀ ကျော် သေဆုံးခြင်းများသည် လယ်ယာဈေးကွက်ကို တုန်လှုပ်သွားခဲ့ကြောင်း၊ အစိုးရ၏ ဆန်တင်သွင်းမှုအပိုင်းတွင်လည်း ခက်ခဲနေကြောင်း Terra Analytics ၏ လေ့လာမှုများအရ သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် ဒုတိယမြောက်နေ့ အပူချိန်ဆက်လက်မြင့်တက်မှုဖြစ်ပွား

**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် မေ ၂၈ ရက်မှစတင်ကာ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် မေ ၂၉ ရက်တွင်လည်း ဒုတိယမြောက်နေ့အဖြစ် အပူချိန်ဆက်လက်မြင့်တက်ခဲ့ကာ အပူချိန်ပမာဏမှာ ၅၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နှစ်ရက်ဆက်တိုက် အပူချိန်မြင့်တက်လာမှုပမာဏသည် ပုံမှန်နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည့် ပမာဏထက် သိသိသာသာ မြင့်မားလာပြီး အပူလှိုင်း ဖြတ်သန်းမှုသည်လည်း အကြိမ်ရေ စိတ်လာကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"အပူချိန်မြင့်တက်မှုကြောင့် ပင်ပန်းနွမ်းနယ်တာတွေ၊ အော့အန်တာတွေနဲ့ မူးဝေတဲ့ဝေဒနာတွေကြောင့် ကျောင်းသား၊ကျောင်းသူတော်တော်များများ ဆေးရုံကိုရောက်လာတယ်။ လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးထားပါတယ်"ဟု ဆေးကုသမှုပေးလျက်ရှိသော ဒေါက်တာ ရာနီကန်ကူမားက ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းနေသည့် ဒေသများရှိ စာသင်ကျောင်းများ၏ ခေါင်းမိုးပေါ်၌ ရေဖျန်းပိုက်များတပ်ဆင်ကာ အပူဓာတ်သက်သာအောင် ဆောင်ရွက်ပေးထားသော်လည်း နယူးဒေလီမြို့တော်တွင် အပူချိန်ပမာဏမှာ ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာ



ထိခိုက်စေနိုင်ခြင်းကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရကြောင်း၊ ဒုတိယမြောက်နေ့ အပူချိန်မြင့်တက်ခဲ့ခြင်းကြောင့် ဆေးရုံများရှိ အရေးပေါ်ဌာနများ၌ ကျန်းမာရေးဝန်ထမ်းများကို အင်အားတိုးမြှင့်ကာ အရေးပေါ် လူနာတင်ယာဉ်များကိုလည်း တိုးမြှင့်ပေးထားကြောင်း နယူးဒေလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှုက နိုင်ငံတိုင်း၏စီးပွားရေးကဏ္ဍကို ဆိုးရွားစွာ ထိခိုက်လာစေနိုင်ကြောင်း SF Fed ထုတ်ပြန်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် စီးပွားရေးသုတေသီများအဖွဲ့အစည်းဖြစ်သည့် SF Fed က တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှုသည် နိုင်ငံတိုင်း၏ စီးပွားရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်လာစေနိုင်ကြောင်း သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှုသည် စီးပွားရေးကဏ္ဍအတွက် ရေရှည်ရင်ဆိုင်ရမည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချနိုင်ရေးအတွက် အဓိကဆောင်ရွက်နိုင်ခြင်းမရှိပါက အပူချိန်မြင့်တက်ကာ စီးပွားရေးကဏ္ဍကို ဆိုးဆိုးရွားရွား ရိုက်ခတ်လာနိုင်ကြောင်း SF Fed က ထုတ်ပြန်ခဲ့သည်။

"လက်ရှိ အနေအထားအရ အနာဂတ်မှာ ကာဗွန်ထုတ်လွှတ်မှုကို သိသိသာသာ လျှော့ချနိုင်လာဖွယ်မရှိပါဘူး။ အနာဂတ်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်တဲ့ပြဿနာ ပိုဆိုးလာနိုင်တယ်။ ရာသီဥတုဖောက်ပြန်မှုဟာ စီးပွားရေးကဏ္ဍက ရေရှည်ရင်ဆိုင်သွားရမဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ သုတေသနရလဒ်တွေအရ အပူချိန်မြင့်တက်မှုကြောင့် အမေရိကန်နိုင်ငံအတွင်းမှာတောင် နှစ်စဉ် Stock ဟာ ၅ ဒသမ ၄ ရာခိုင်နှုန်းထိ လျော့ကျသွားဖွယ်ရှိနေပါတယ်"ဟု SF Fed မှ ပြောရေးဆိုခွင့်ရှိသူ ဂရီဂိုရီကေစီက ပြောကြားခဲ့သည်။

SF Fed သည် သုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့ရာတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး စီးပွားရေးကဏ္ဍမှ ရင်ဆိုင်ရနိုင်သည့် အခက်အခဲများကို အဓိကဖော်ထုတ် ဆန်းစစ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဂရီဂိုရီကေစီက ရှင်းလင်းချက် ထုတ်ပြန်ခဲ့သည်။

ရာသီဥတုဖောက်ပြန်ကာ အပူချိန်မြင့်တက်မှုကြောင့် Stock များကျဆင်းလာမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်အများစုမှာ စိုက်ပျိုးရေးကဏ္ဍနှင့် သတ္တုမိုင်းတွင်း တူးဖော်ရေးကဏ္ဍများထက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရေးကိုသာ အာရုံစိုက်လာနိုင်ကြောင်းလည်း SF Fed မှ သုတေသီများက ခန့်မှန်းချက်ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကာဇက်စတန်နိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၁၀၀၀၀ ထက်မနည်း သေဆုံးခဲ့

**အက်စ်တာနာ မေ ၃၀**

ကာဇက်စတန်နိုင်ငံတွင် မေ ၁၆ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတွင် ကြီးမားသောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကာ မေ ၁၆ ရက်မှ မေ ၂၉ ရက်ထိ မွေးမြူတိရစ္ဆာန်အကောင်ရေ ၁၀၀၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ကာဇက်စတန် စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်းပမာဏများကိုမူ စိစစ်နေဆဲဖြစ်ပြီး ဒေသတချို့တွင် ရေဘေးအန္တရာယ်မှာ အန္တရာယ်ရှိသည့် အဆင့်ဖြစ်သည့်အတွက် သွားရောက်စစ်ဆေးမှုများ ပြုလုပ်ရန် ခက်ခဲနေကြောင်း၊ သေဆုံးခဲ့သော မွေးမြူရေးတိရစ္ဆာန်များအနက် ကျွဲ၊ နွားအကောင်ရေ အများဆုံး သေဆုံးခဲ့ခြင်းဖြစ်ပြီး မြင်းများသေဆုံးမှုများမှာ ဒုတိယမြောက် အများဆုံးဖြစ်ကြောင်းလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ထုတ်ပြန်သွားခဲ့သည်။

"မေ ၁၆ ရက်က စတင်ခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် နိုင်ငံရဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍက ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ ရေဘေးအန္တရာယ်စတင်ဖြစ်ပေါ်ခဲ့တဲ့နေ့ကနေ စတင်ပြီး မေ ၂၉ ရက်ထိ အိမ်မွေးတိရစ္ဆာန် အကောင်ရေ ၁၀၀၀၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။ ကျွဲ၊ နွား သေဆုံးမှုက အများဆုံးဖြစ်ပြီး မြင်းသေဆုံးမှုက ဒုတိယအများဆုံးဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ဆုံးရှုံးခဲ့ရမှုကတော့ စိစစ်နေဆဲဖြစ်ပါတယ်။ မေလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရေဘေးအန္တရာယ်ကြောင့် နိုင်ငံရဲ့စိုက်ပျိုးမွေးမြူရေးကဏ္ဍက တော်တော်လေးကိုထိခိုက်နစ်နာခဲ့ရပါတယ်"ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ယခုတစ်ပတ်ကစားမဲ့ ပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ ဒေါ့မွန်အသင်း၊ အတ္တလန်တာအသင်းတို့ကို အားပေးရမှာပါ



ဥရောပဘောလုံးရာသီပိတ်သိမ်းသွားချိန်မှာ အမှတ်ပေးပြိုင်ပွဲတွေ မရှိတော့ပေမဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲနဲ့ စီးရီးအေက ပွဲကျန်တစ်ပွဲကျန်ရှိနေသေးတာဖြစ်လို့ ဘောလုံးပရိသတ်တွေအနေနဲ့ အခုနှစ်ဘောလုံးရာသီရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကြည့်ရှုခွင့်ရအုံးမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ဘောလုံးရာသီတစ်ခုရဲ့ နောက်ဆုံးပြိုင်ပွဲဖြစ်လို့ အားပေးမဲ့ ပရိသတ်များသလို ဗိုလ်လုပွဲတက်ရောက်လာတဲ့အသင်းတွေကလဲ ဆုဖလားရဖို့အတွက် ရေကုန်ရေခန်းကစားတတ်ကြတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကစားမဲ့ပွဲစဉ်တွေမှာ ခံစစ်၊ တိုက်စစ်အချိတ်အဆက်ကောင်းနေပြီး အသင်းလိုက်ကစားအားရှိတဲ့အသင်းတွေကို အားပေးရမှာဖြစ်ပါတယ်။

### ဒေါ့မွန်အသင်းကိုအားပေးရမှာပါ

အခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာတော့ ဒေါ့မွန်အသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကို တွေ့ရမှာပါ။ ဒီနှစ်သင်းရဲ့အစဉ်အလာပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ ရီးရဲလ်မက်ဒရစ်အသင်းက အသာရနေပေမဲ့ အခုနှစ်ဒေါ့မွန်အသင်းရဲ့ ချန်ပီယံလိဂ်လမ်းကြောင်းဟာ အကျပ်အတည်းကြားကနေ ကျော်ဖြတ်လာခဲ့ရလို့ လျှော့တွက်လို့တော့မရပါဘူး။ သူတို့အသင်းဟာ ချန်ပီယံလိဂ် အုပ်စုအဆင့်မှာ ပီအက်စ်ဂျီ၊ အေစီမီလန်၊ နယူးကာဆယ်တို့လို ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းတွေနဲ့ တွေ့ဆုံခဲ့ပေမဲ့ အုပ်စုတွင်းမှာ ပီအက်စ်ဂျီတစ်သင်းတည်းကိုရှုံးခဲ့ပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်ရခဲ့ပြီး အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ မာလန်း၊ အဒီရီမီ၊ မာကိုရူးစ်၊ ဖူးလ်ခရက်တို့ရဲ့ စွမ်းဆောင်ရည်တွေနဲ့ ရလဒ်ကောင်းရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် ခံစစ်ပိုင်းက ဟမ်းမဲလ်၊ ရှက်လိုတာဘတ်တို့ရဲ့အတွေ့အကြုံကလဲ ဒေါ့မွန်ခံစစ်ကြောင်းကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သလို ဘရန့်၊ ဆာဘစ်ဇာတို့ကလဲ အသင်းရဲ့တိုက်စစ်၊ ခံစစ်ကို အကောင်းဆုံးပံ့ပိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းရှုံးထွက်အဆင့်မှာတော့ ပီအက်ဗွီအသင်းနဲ့ ကစားခဲ့ရလို့ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းအသာနဲ့ နှစ်ကျော့ပေါင်း သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။

ကွာတားဖိုင်နယ်အဆင့်ရောက်ချိန်မှာတော့ အေတီကိုလို ချန်ပီယံလိဂ် အတွေ့အကြုံများတဲ့အသင်းနဲ့တွေ့ခဲ့တာကြောင့် ပထမအကျော့မှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဦးဆောင်ဂိုးနှစ်ဂိုးပေးလိုက်ရပြီးနောက်ပိုင်း အေတီကိုအသင်းကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့လို့ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သလို ဒုတိယအကျော့အိမ်ကွင်းမှာတော့ အေတီကိုအသင်းကို ပွဲစကတည်းက တိုက်စစ်မြှင့်ကစားခဲ့လို့ ဦးဆောင်ဂိုးနှစ်ဂိုးရခဲ့ပေမဲ့ ဒုတိယပိုင်းမှာ မထင်မှတ်ဘဲ နှစ်ဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြတာဇစ်ဟာ နည်းစနစ်ပိုင်းပြောင်းလဲပြီး အေတီကိုအသင်းကို ပြန်လည်ဖိအားပေးခဲ့တာကြောင့် မိနစ် ၇၀ ကျော်မှာ လေးမိနစ်အတွင်း နှစ်ဂိုးပြန်သွင်းပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နှစ်ကျော့ပေါင်းရလဒ်နဲ့ ဆီမီးဖိုင်နယ်ကိုရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာတော့ အုပ်စုတွင်းပြိုင်ဘက် ပီအက်စ်ဂျီနဲ့ ပြန်လည်ကစားခဲ့ရတာကို တွေ့ရမှာပါ။ ပီအက်စ်ဂျီဟာ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဖလားရဖို့ ရေပန်းစားနေတဲ့အသင်းတွေထဲမှာပါနေတာကြောင့် ဒေါ့မွန်အနေနဲ့ နောက်တစ်ဆင့်တက်ဖို့ မလွယ်ကူတော့ဘူးလို့ထင်ထားပေမဲ့ ပြိုင်ပွဲအတွင်းမှာတော့ ခံစစ်အသားပေးကစားပြီး တန်ပြန်တိုက်စစ်ကနေ ဖိအားပေးနိုင်ခဲ့လို့ နှစ်ကျော့စလုံးနိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။

နည်းပြအန်ဆယ်လော့တီရဲ့ရီးရဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၁၄ ကြိမ်ထိ ဆုဖလားရခဲ့ပြီး ချန်ပီယံလိဂ်သမိုင်းရဲ့အောင်မြင်မှုအများဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ အခုနှစ်မှာတော့ ရီးရဲလ်မက်ဒရစ်ဟာ အုပ်စုတွင်းမှာ နာပိုလီ၊ ဘရာဂါ၊ ယူနီယံဘာလင်တို့နဲ့ ကစားခဲ့ရပြီး ခြောက်ပွဲစလုံးအနိုင်ရခဲ့တာကြောင့် ရမှတ်အပြည့် အုပ်စုပထမနဲ့ ရှုံးထွက်အဆင့်တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ တိုက်စစ်ပိုင်းက ဘင်ဇီးမားကိုလက်လွှတ်ခဲ့ရပေမဲ့ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကိုပြန်ခေါ်ခဲ့ပြီး ဘယ်လင်ဟမ်ဟာ အသင်းတိုက်စစ်ပိုင်းမှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ အဲဒီအချိန်မှာ အသင်းရဲ့တိုက်စစ်မှူးဗင်နီစီးယက်စ် ဒဏ်ရာရနေပေမဲ့ ဘယ်လင်ဟမ်က အသင်းတိုက်စစ်ကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့တာကို သတိပြုရမှာပါ။ ရှုံးထွက်အဆင့်မှာတော့ လိုက်ပ်ဇစ်အသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ ပထမအကျော့မှာ တစ်ဂိုး ဂိုးမရှိ၊ ဒုတိယအကျော့မှာ တစ်ဂိုးစီသရေကစားနိုင်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုးအသာနဲ့ ကွာတားဖိုင်နယ်အဆင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ လက်ရှိ ချန်ပီယံမန်စီးတီးနဲ့ တွေ့ဆုံခဲ့တာကြောင့် အကြိတ်အနယ်ရှိခဲ့ပေမဲ့ နည်းပြအန်ဆယ်လော့တီရဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုက မန်စီးတီးကို အခက်တွေ့စေခဲ့ပြီး ပထမအကျော့မှာ သုံးဂိုးစီသရေ၊ ဒုတိယအကျော့မှာ တစ်ဂိုးစီသရေနဲ့ ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဘိုင်ယန်မြူးနစ်နဲ့ ကစားခဲ့ရပေမဲ့ ပထမအကျော့မှာ နှစ်ဂိုးစီသရေ၊ ဒုတိယအကျော့မှာတော့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ဗိုလ်လုပွဲရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ ဒုတိယအကျော့အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ ဦးဆောင်ခံရပေမဲ့ နည်းပြတူချယ်ဟာ ကစားအားချခဲ့တာကြောင့် ပွဲပြီးခါနီးမှာ ရီးရဲလ်မက်ဒရစ်ရဲ့တိုက်စစ်က ချေပဂိုးနဲ့ အနိုင်ဂိုးသွင်းပြီး အကောင်းဆုံးပြန်လာနိုင်ခဲ့တာကို တွေ့ရမှာပါ။

ရီးရဲလ်မက်ဒရစ်ဟာ ချန်ပီယံလိဂ်သမိုင်းမှာ အခုတစ်ကြိမ်အပါအဝင် ဗိုလ်လုပွဲ ၁၈ ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ၁၄ ကြိမ်ထိ ဆုဖလားရယူထားတာကြောင့် ဗိုလ်စွဲဖို့ ရေပန်းစားနေတာဖြစ်ပေမဲ့ ဒေါ့မွန်အသင်းရဲ့ ခံစစ်ကစားပုံနဲ့ တန်ပြန်တိုက်စစ်ကလဲ ရီးရဲလ်မက်ဒရစ်ကို ပွဲချိန်ပြည့်တုံ့ပြန်နိုင်တာဖြစ်လို့ ပွဲချိန်အတွင်း သရေရလဒ်ထွက်ပေါ်ဖို့များနေပါတယ်။ နှစ်သင်းလုံးရဲ့ ကစားသမားစုဖွဲ့မှုနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်မှာတော့ ရီးရဲလ်မက်ဒရစ်က အသာရနေသလို အတွေ့အကြုံပိုင်းမှာလဲ ရီးရဲလ်မက်ဒရစ်ကပဲသာနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ရီးရဲလ်မက်ဒရစ်က ဂိုးသမား လူနင်၊ ခံစစ်ကစားသမား အလာဘာ၊ ကွင်းလယ်ပိုင်းမှာ ချူအာမန်နီတို့ ပါဝင်ဖို့ မသေချာတာကြောင့် ခံစစ်ကစားပုံကျဆင်းနိုင်လို့ ဒေါ့မွန်ကို ဂိုးပေးရမှာသေချာပါတယ်။ အကျောပေးမှုကလဲ ရီးရဲလ်မက်ဒရစ်က တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပျော်ရမဲ့အခြေအနေက ဂိုးမပြတ်နိုင်ဘူးလို့ သုံးသပ်မိတာကြောင့် ဒေါ့မွန်အသင်းကို အားပေးရမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၁ | - | ၀ | ပီအက်စ်ဂျီ |
| ဒေါ့မွန် | ၅ | - | ၁ | အော့စ်ဘတ် |
| ပီအက်စ်ဂျီ | ၀ | - | ၁ | ဒေါ့မွန် |
| မိန့်ဇ် | ၃ | - | ၀ | ဒေါ့မွန် |
| ဒေါ့မွန် | ၄ | - | ၀ | ဒမ်စတက် |

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဂရန်နာဒါ | ၀ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၀ | အလာဗက် |
| ဗီလာရီးရဲလ် | ၄ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၀ | - | ၀ | ဘက်တစ် |

### အတ္တလန်တာအသင်း နိုင်ပွဲဆက်အုံးမှာပါ

စီးရီးအေပြိုင်ပွဲပြီးဆုံးသွားပေမဲ့ အတ္တလန်တာအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ရဲ့ ပွဲကျန်တစ်ပွဲကစားဖို့ ရှိနေတာကို တွေ့ရမှာပါ။ စီးရီးအေအဖွဲ့ချုပ်အနေနဲ့ ပြိုင်ပွဲမပြီးခင် ပွဲကျန်ကစားဖို့ စီစဉ်ထားပေမဲ့ ဖီအိုရင်တီးနားက ယူရိုပါကွန်ဖရင့်လိဂ်ဗိုလ်လုပွဲကစားရမှာဖြစ်လို့ ပြိုင်ပွဲကို နောက်ဆုတ်လိုက်ရတာကြောင့် ဇွန် ၂ ရက်မှာ ကစားသွားမှာဖြစ်ပါတယ်။ အတ္တလန်တာဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲငါးပွဲမှာ ဂျူဗင်တပ်တစ်သင်းကိုသာ ရှုံးခဲ့ပြီး ကျန်တဲ့လေးပွဲအနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ လေဗာကူဆင်လို တစ်ရာသီလုံး ရှုံးပွဲမရှိသေးတဲ့အသင်းကို ဗိုလ်လုပွဲမှာ သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး ယူရိုပါလိဂ်ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အတ္တလန်တာဟာ နောက်ပိုင်းပွဲစဉ်တွေမှာ လွတ်မန်း၊ စကာမက်ကာတို့ တိုက်စစ်အတွဲကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပြီး လွတ်မန်းကလဲ နောက်ဆုံးငါးပွဲမှာ လေးဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ အတ္တလန်တာဟာ လေဗာကူဆင်ကို အနိုင်ယူပြီး ယူရိုပါလိဂ်ဖလားရခဲ့တာကြောင့် အသင်းရဲ့ယုံကြည်မှုအပိုင်း အမြင့်ဆုံးရောက်နေသလို နောက်ဆုံးအိမ်ကွင်း ခုနစ်ပွဲဆက်မှာလဲ တစ်ပွဲသာ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဖီအိုရင်တီးနားနဲ့ နောက်ဆုံးကစားခဲ့တဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာလဲ လေးဂိုးတစ်ဂိုးနဲ့ နိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဖီအိုရင်တီးနားအသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိခဲ့လို့ ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၈)နေရာနဲ့ ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်သာရခဲ့တာဖြစ်ပါတယ်။ အခုပွဲရဲ့အနိုင်၊ အရှုံးရလဒ်ကလဲ သူတို့အသင်းအတွက် အသုံးမဝင်တော့တာကြောင့် ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာဖို့ မသေချာပါဘူး။ ဒါ့ပြင် ကြားရက်မှာ ယူရိုပါကွန်ဖရင့်လိဂ်ဗိုလ်လုပွဲကစားခဲ့ရပြီး ပွဲပန်းနေတာကြောင့်လဲ အရန်ကစားသမားတွေနဲ့ ပွဲထွက်လာဖို့များပါတယ်။ ဖီအိုရင်တီးနားဟာ ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းတွေကို တိုက်စစ်ဖွင့်ကစားပြီး နိုင်ပွဲရခဲ့ပေမဲ့ တိုက်စစ်အားကောင်းတဲ့အသင်းတွေနဲ့ဆိုရင် ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ပေးဂိုးတွေများခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း ခုနစ်ပွဲမှာ ငါးပွဲရှုံး၊ နှစ်ပွဲသာ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အနိုင်ရခဲ့တာကလဲ ဆလာနီတာနာ၊ ကက်ဂလီယာရီတို့လို အသင်းငယ်တွေဖြစ်တာကို သတိပြုရမှာပါ။ ဒါ့ပြင် အင်တာမီလန်၊ အေစီမီလန်၊ ဂျူဗင်တပ်၊ ရိုးမား၊ လာဇီယို၊ ဘိုလော့နာတို့လို တိုက်စစ်အားကောင်းတဲ့ အသင်းတွေနဲ့ အဝေးကွင်းပွဲစဉ်တွေမှာလဲ နိုင်ပွဲမရခဲ့တာကြောင့် အတ္တလန်တာလို အိမ်ကွင်းတိုက်စစ်ထက်မြက်နေတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ထက်မြက်နေတဲ့ အတ္တလန်တာအသင်း နိုင်ပွဲဆက်အုံးမှာပါ။

### အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၂ | - | ၁ | ရိုးမား |
| အတ္တလန်တာ | ၀ | - | ၁ | ဂျူဗင်တပ် |
| လက်ချီ | ၀ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၃ | - | ၀ | လေဗာကူဆင် |
| အတ္တလန်တာ | ၃ | - | ၀ | တိုရီနို |

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၂ | - | ၁ | ဖီအိုရင်တီးနား |
| ဘရုဂျက် | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ | - | ၁ | မွန်ဇာ |
| ဖီအိုရင်တီးနား | ၂ | - | ၂ | နာပိုလီ |
| ကက်ဂလီယာရီ | ၂ | - | ၃ | ဖီအိုရင်တီးနား |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်...

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ၂၅ရက်တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၃၀**

နည်းပြများအနေဖြင့် မိမိတို့ တတ်မြောက်သင်ကြားထားသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ သင်တန်းသားအရာရှိငယ်များ၊ဗိုလ်လောင်းများအနေဖြင့်လည်း စိတ်ဓာတ်ခံယူချက်ကောင်းစွာဖြင့် သင်ယူလေ့လာ၍ နိုင်ငံတော်နှင့်တပ်မတော်ကို ပြန်လည်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင်

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar